ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ၁၆-၈-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ကွင်းဆင်းစိစစ် လေ့လာရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ မြေယာစိစစ်ရေးကော်မတီလုပ်ငန်းဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးနှင့် ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ခုံရုံးကိစ္စဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာတစ်နိုင်ငံလုံးဌာနဆိုင်ရာ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး(ယာယီ) ဝန်ထမ်းများအား (၆)လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး (ယာယီ)ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က မြန်မာတစ်နိုင်ငံလုံး ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး (ယာယီ)

ဝန်ထမ်းများအား (၆)လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး (ယာယီ)ဝန်ထမ်းများအား တစ်နှစ်ခွဲ ပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ ပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းရခြင်း အကြောင်းအရင်းက မြန်မာတစ်နိုင်ငံလုံး ဌာနဆိုင်ရာ အသီးသီးတွင် တာဝန် ထမ်းဆောင်နေသော နေ့စားလပေး(ယာယီ)ဝန်ထမ်းများအတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဌာနဆိုင်ရာ အသီးသီးတွင် နေ့စားလပေး(ယာယီ)ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်း သောင်းဂဏန်းကျော်ရှိတယ်လို့ သိရှိရပါတယ်။ တချို့သော(ယာယီ)ဝန်ထမ်းများသည် အတည်ဝန်ထမ်းအဖြစ် ခန့်ထားခြင်းမရှိသောကြောင့် အချိန်အတန်ကြာ နေ့စားလပေးဘဝဖြင့် ဆက်လက် တာဝန်ထမ်းဆောင်မယ်ဆိုပါက ယနေ့မြန်မာနိုင်ငံရဲ့ ကုန်ဈေးနှုန်းနဲ့ မိသားစုစရိတ်ကလည်း တစ်ဖက်တစ်လမ်း ထောက်ပံ့ရန် အဆင်မပြေဖြစ်သောကြောင့် (ယာယီ)ဝန်ထမ်းဘဝမှ နုတ်ထွက်သူ များစွာရှိခဲ့ပါတယ်။ ဒီနေရာမှာ (ယာယီ)ဝန်ထမ်းတစ်ယောက်ဟာ အတည်ဝန်ထမ်းဖြစ်နိုင်ရေးအတွက် ကြိုးစားရာတွင် မရိုးဖြောင့်သော လာဘ်ပေးလာဘ်ယူမှုလည်း ဖြစ်ပေါ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့သောဌာနများတွင် (ယာယီ)ဝန်ထမ်းအဖြစ် ကာလရှည်ကြာစွာ မထားဘဲ ချက်ချင်းခန့်ထားတဲ့ဌာနများလည်း ရှိပါတယ်။ သို့သော်လည်း အထူးသဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနတို့တွင် နေ့စားလပေးဝန်ထမ်းများမှ အမြဲတမ်းဝန်ထမ်းအဖြစ် အတည်ခန့်ရန် အကြန့်ကြာဆုံးဌာနများ ဖြစ်ပါတယ်။ အခြားသော ဝန်ကြီးဌာနများလည်း ရှိတော့ရှိပါတယ်။ နေပြည်တော်အပါအဝင် ကျွန်တော် ကိုယ်တိုင်သိခဲ့သော လုပ်သက်(၄)နှစ် ဝန်ထမ်းဘဝဖြင့် ဆက်လက်တာဝန်ထမ်းဆောင်နေသူ အယောက် (၂၀)ဦးမက ရှိပါတယ်။ နေ့စားလပေး တချို့၏ပြောကြားချက်အရ သူတို့ နေစရိတ်စားစရိတ် မလုံ လောက်၍ မိဘများထံမှ ငွေပြန်တောင်းရပါတယ်လို့ ပြောကြားပါတယ်။ နိုင်ငံတော်၏ တာဝန် ထမ်းဆောင်၍ နေ့စဉ်ရုံးတက်ပြီး စားစရိတ်၊ နေစရိတ် မလောက်မင ဖြစ်နေသော (ယာယီ)ဝန်ထမ်းတို့ရဲ့ ဘဝကိုလည်း စာနာ ညှာတာသင့်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အနေနှင့်လည်း အောက်ခြေဝန်ထမ်း

များ အခြေအနေကို အလျဉ်းသင့်သလို လေ့လာဆန်းစစ်သင့်ပါတယ်။ ဌာနဆိုင်ရာအများစုတွင် ဝန်ထမ်းခေါ်ယူရာ၌ အသက်ကန့်သတ်ချက်၊ သတ်မှတ်ချက်တို့ကြောင့် နေ့စားလပေး(ယာယီ)ဝန်ထမ်းဘဝမှ နုတ်ထွက်ပြီး အခြားဌာနသို့ ပြောင်းရွှေ့လျှောက်ထားရန် အဆင်မပြေမှုများလည်း ဖြစ်နေကြပါတယ်။ ဌာနဆိုင်ရာအသီးသီး၏ စည်းမျဉ်းစည်းကမ်း လုပ်ငန်းကျွမ်းကျင်စေရန်နှင့် လုပ်ငန်းများ လိုအပ်ချက်အရ နေ့စားလပေး(ယာယီ)ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်စေသည်မှာ မှန်ကန်ပါတယ်။

သို့သော်လည်း အကန့်အသတ် သတ်သတ်မှတ်မှတ်တော့ ထားပေးသင့်ပါတယ်လို့ ယူဆပါတယ်။ ဌာနဆိုင်ရာအသီးသီးတွင်လည်း ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားအပြည့်ခန့်ထားလေ့တော့မရှိပါဘူး။ ဝန်ထမ်းအင်အားရဲ့ သုံးချိုးနှစ်ချိုးလောက်သာ ခန့်ထားတာကို တွေ့ရပါတယ်။ ရှုထောင့်တစ်ဖက်ကကြည့်လျှင် နိုင်ငံတော်ရဲ့ ဘက်ဂျက်ကို သက်သာစေတာမှန်ကန်သော်လည်း အစိုးရရုံးလုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် စဉ်းစားသင့်ပေသည်။ ရုံးဝန်ထမ်းတစ်ဦးသည် ယာယီဝန်ထမ်းဘဝဖြင့် ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်လျှင် ယာယီဟူသောစိတ်ဖြင့် လုပ်ငန်းများထဲတွင် စိတ်အားထက်သန်မှုလည်း နည်းနေမှာ သေချာပါတယ်။ အတည်ဝန်ထမ်းဖြစ်ပါက မိမိဌာနဟူ၍ သံယောဇဉ်လည်းရှိပြီး အလုပ်ထဲမှာလည်း ထဲထဲဝင်ဝင် ပိုပြီးတော့ စိတ်ဝင်တစား လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာတစ်နိုင်ငံလုံးရှိ ဌာနဆိုင်ရာ အသီးသီးတွင် တာဝန် ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး (ယာယီ)ဝန်ထမ်းများအား (၆)လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားရန်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး(ယာယီ)ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန်အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မှ မြန်မာတစ်နိုင်ငံလုံး ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး(ယာယီ)ဝန်ထမ်းများအား (၆)လပြည့်ပါက အမြဲတမ်း

ဝန်ထမ်းအဖြစ်ခန့်ပေးရန်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး(ယာယီ) ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းလာပါတယ်။ အဆိုပါ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထားသည့် ဘွဲ့ရနေ့စားလပေး(ယာယီ) ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး(ယာယီ) ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်နှင့် စပ်လျဉ်း၍ လက်ရှိကျင့်သုံးလျက်ရှိသော ဝန်ထမ်းသစ် ခန့်ထားရေးမူကို ဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများရှိ ဝန်ထမ်းအဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံပါ စတင်ခန့် ရာထူးနေရာများ လစ်လပ်သဖြင့် ဝန်ထမ်းသစ်များ ခန့်ထားရာ၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၆-၂-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် ၁၇-၉-၂၀၀၉၊ ၂၂-၂-၂၀၁၃၊ ၂၅-၄-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်များအရ ပြည်သူလူထု၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အတွက် တိုက်ရိုက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများမှအပ ကျန်ဝန်ကြီးဌာနများတွင် ခွင့်ပြုဝန်ထမ်း အင်အား၏ (၃)ပုံ (၂)ပုံကိုသာ ခန့်ထားဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာ၌ ခန့်ထား လိုသည့် ဝန်ထမ်းအင်အားသည် သတ်မှတ်ဖွဲ့စည်းပုံဘောင်အတွင်း ရှိ/မရှိနှင့် ခန့်ထားမည့် ဘဏ္ဍာရေးနှစ် အတွင်း ခွင့်ပြုလစာနှင့် စရိတ်လုံလောက်မှု ရှိ/မရှိတို့ကို စိစစ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များ ညှိနှိုင်းရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက် ရယူ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ရရှိပြီးပါက အမှုထမ်းအဆင့် စတင်ခန့်ရာထူးများ ခန့်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၅)မှ နည်းဥပဒေ(၂၂)အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် (ယာယီ)နေ့စားများအား စတင်ခန့်ရာထူးအတွက် သတ်မှတ်ထားရှိသော အရည်အချင်းနှင့် ကိုက်ညီပါက လုပ်ထုံးလုပ်နည်းနှင့် အညီ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ခန့်ထားရာ၌ ဘွဲ့ရနေ့စား လပေး(ယာယီ)ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စား လပေး(ယာယီ)ဝန်ထမ်းများအား လုပ်သက်နှစ်ကာလ ကြာရှည်နေသော်လည်း စတင်ခန့် ဝင်ပေါက် ရာထူးအတွက် သတ်မှတ်ထားရှိသည့် အရည်အချင်းများနှင့် ကိုက်ညီမှုရှိမှသာ အမြဲတမ်းဝန်ထမ်း အဖြစ် ဦးစားပေး ခန့်အပ်နိုင်မည်ဖြစ်ပါတယ်။ ထို့အတူ နေ့စားလပေး ဝန်ထမ်းများအဖြစ် ခန့်ထား ခံရခြင်း မရှိသော်လည်း စတင်ခန့်ရာထူးတွင် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဘွဲ့ရရှိပြီးသူများနှင့်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ)သူများပါ လျှောက်ထားဖြေဆို၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုသည့်အတိုင်း (ယာယီ)နေ့စားဝန်ထမ်းများအား ကာလကန့်သတ်ချက်ဖြင့် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်လည်ဖြေကြားချက်များကို အနှစ်ချုပ် စုစည်းတင်ပြရမည်ဆိုပါလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ရရှိပါက ဌာန၏ လုပ်ငန်းလိုအပ်ချက်နှင့် ရာထူးနေရာလစ်လပ်မှုအပေါ် မူတည်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လုပ်ငန်းစွမ်းဆောင်ရည်ရှိသော (ယာယီ)နေ့စားများကို ဦးစားပေး၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားခြင်းဖြစ်ပါသဖြင့် အချိန်ကာလ သတ်မှတ်၍ ခန့်ထားရန် မဖြစ်နိုင်ပါကြောင်း ဖြေကြားချက်များ ပေးပို့ခဲ့သည်ကိုလည်း အသိပေးတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာတစ်နိုင်ငံလုံး ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး (ယာယီ)ဝန်ထမ်းများအား (၆)လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး (ယာယီ)ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန် အစီအစဉ် မရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီနမ်းကျေးရွာ အုပ်စု၊ သီနမ်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီနမ်းကျေးရွာအုပ်စု၊ သီနမ်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေား ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်တွင်တည်ရှိသော သီနမ်းကျေးရွာသည် ထန်တလန် - ဟားခါး - ဂန့်ဂေါလမ်းမကြီး၏ အလယ်လောက်တွင် တည်ရှိပြီး ထန်တလန် ကနေ မိုင်(၆၀)၊ ထန်တလန် ကနေ မိုင်(၄၀)ပတ်ဝန်းကျင်၊ ဂန့်ဂေါကနေ မိုင်(၅၀) ပတ်ဝန်းကျင် ကွာဝေးပါတယ်။ ထို့အပြင် ဟားခါး-ထန်တလန်-ဂန့်ဂေါလမ်း မကြီးတွင် လမ်းအမြဲပြိုနေတတ်သော မိုင်တိုင်(၄၁)၊ (၄၂)နဲ့လည်း နီးပါတယ်။ ထို့အပြင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ပတ်ဝန်းကျင်ရွာများအတွက်လည်း ထန်တလန်-ဟားခါး-ဂန့်ဂေါ ခရီးစဉ် များတွင် မဖြစ်မနေသွားရသော ရွာတစ်ရွာလည်း ဖြစ်ပါတယ်။ ၎င်းအပြင် ဟားခါး-ထန်တလန်မြို့များ မန္တလေး-ရန်ကုန် ခရီးစဉ်များတွင် ထမင်းစားသုံးသောနေရာနဲ့ (၁)မိုင် (၂)မိုင်လောက်ပဲဝေးသည့် အပြင် ပထဝီအနေအထားအရ အရှေ့မှီ၊ အနောက်မှီ၊ တောင်မှီ၊ မြောက်မှီ ဖြစ်ပြီး ခရီးသည်များ မတော်တဆမှုနဲ့ အခြားသော ကျန်းမာရေး အရေးပေါ်ဖြစ်ပါက လက်လှမ်းမီတဲ့နေရာလည်း ဖြစ်ပါတယ်။

ထို့အပြင် တောင်စွယ်များသွယ်တန်းမှု အခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ အရ အနီးအနားက ရွာပေါင်း(၁၅)ရွာကျော်က စားဝတ်နေရေးအတွက် အမှီပြုနိုင်သောနေရာလည်း ဖြစ်ပါတယ်။ အနီးကပ်(၉)ရွာမှ လူဦးရေ(၂၀၀၀)ကျော်ရှိပြီး မိုင်(၂၀)ပတ်ဝန်းကျင်တွင် လူဦးရေသည် (၂၀၀၀)ကျော်ရှိပါတယ်။ ဟားခါးနှင့် ခရီးဝေးသော မကွေးတိုင်းနယ်စပ်၊ စစ်ကိုင်းတိုင်းနယ်စပ်က ဟားခါးမြို့များ၊ ရွာများလည်း လက်လှမ်းမီနိုင်သောနေရာများလည်း ဖြစ်ပါတယ်။ ထို့ကြောင့် အသုံး ပြုမှုသည် ရွာသားများ နှစ်စဉ် ခရီးသည်များနဲ့ မြန်မာနိုင်ငံအနှံ့မှလာကြသော လမ်းအလုပ်သမားများ နဲ့ဆိုရင် လူဦးရေ (၅၀၀၀)ပတ်ဝန်းကျင်ရှိပါတယ်။ ထိုသို့သော ပထဝီဒေသနှင့် ဖြစ်စဉ်အခြေအနေ အရပ်ရပ်တို့ကို လိုအပ်ချက်ကြောင့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ် သီနမ်းကျေးရွာအုပ်စု၊ သီနမ်းကျေးရွာ အား ပြည်သူလူထုရဲ့ကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်နိုင်ဖို့အလို့ငှာ ကျေးလက်ကျန်းမာရေး ဌာနခွဲအဆင့်မှ ကျေးလက်ကျန်းမာရေးဌာနသို့ ဖြေလျှော့သင့်တာတွေ ဖြေလျှော့ပေးပြီး အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ဖို့ တောင်းခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီနမ်းကျေးရွာအုပ်စု၊ သီနမ်းကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ ဖြစ်ပြီး ကရင်ပြည်နယ်နှင့်ဆက်သွယ်ရာ မော်လမြိုင်၊ ဘားအံ လမ်းဆုံမြို့တစ်မြို့ ဖြစ်ပါတယ်။ သထုံမြို့တွင် ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၈)ခု၊ တိုင်းရင်းဆေးရုံ(၁)ရုံတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ မေးခွန်းပါ ကျောက်တောင်ကျေးရွာသည် ပိန်နဲ့တော ကျန်းမာရေး ဌာနအောက်ရှိ ဝင်းဖုန်း ကျန်းမာရေးဌာနခွဲတွင် တည်ရှိပါသည်။ ကျောက်တောင်ကျေးရွာသည် ယခင်က ကရင်အမျိုးသား လက်နက်ကိုင်အဖွဲ့၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပြီး နယ်မြေငြိမ်းချမ်းမှု မရှိ သောကြောင့် ကျေးရွာသူ၊ ကျေးရွာသားများသည် ကရင်အမျိုးသား လက်နက်ကိုင်အဖွဲ့၏ ကျန်းမာရေး စောင့်ရှောက်မှုအောက်တွင်သာ နေခဲ့ရပါတယ်။ ဝင်းဖုန်းကျေးရွာမှ ကျောက်တောင်ကျေးရွာသို့ နွေရာသီနှင့် ဆောင်းရာသီတွင်သာ သွားလာနိုင်သော မြေသားလမ်းရှိပြီး ဆိုင်ကယ်၊ လှည်းတို့ဖြင့် သွားလာပါက (၁၂)မိုင်ကွာဝေးသော ခရီးကို လမ်းကြမ်းသဖြင့် နေ့တစ်ဝက်ခန့် သွားလာရကြောင်း တွေ့ရှိရပါတယ်။ မိုးရာသီတွင် ထိုလမ်းများမှာ ပျက်စီး၍ စက်လှေများဖြင့်သာ သွားလာရသဖြင့် ဝင်းဖုန်းကျန်းမာရေးဌာနခွဲသို့ ရောက်ရှိရန် တစ်နေကုန်ခရီးနှင်ရကြောင်း တွေ့ရှိရပါတယ်။

ကျောက်တောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးမည်ဆိုပါက ရွာ(၄) ရွာရှိ လူဦးရေ (၂၇၅၉)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါတယ်။ ရွှေဘော်ကုန်း ကျေးရွာသည် ကြာပန်းကျန်းမာရေးဌာနအောက်တွင် တည်ရှိပြီး ကျေးရွာပေါင်း(၉)ရွာ ပါဝင်ကာ

အိမ်ခြေပေါင်း(၁၇၁၄)၊ လူဦးရေ (၉၁၂၃)ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ကြာပန်းကျေးရွာတွင်သာ ကျန်းမာရေးဌာနတစ်ခု ရှိပါတယ်။ ကြာပန်းကျေးရွာမှ ရွှေဘော်ကုန်းကျေးရွာသို့ မြေသားလမ်း (၁၀)မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် လမ်းများပျက်စီး၍ သွားလာရေးအခက်အခဲ ရှိပါတယ်။

သို့ဖြစ်ပါ၍ ရွှေဘော်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်မည်ဆိုပါက ရွာ(၃)ရွာရှိ လူဦးရေ(၃၆၆၅)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါတယ်။ ကမာပေါင်ကျေးရွာသည် ကြာပန်းကျန်းမာရေးဌာနအောက်တွင် တည်ရှိပြီး ကျေးရွာပေါင်း(၅)ရွာ ပါဝင်ကာ အိမ်ခြေပေါင်း (၁၀၆၂)၊ လူဦးရေ(၇၈၆၄)ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ဒေးဗရိန်းကျေးရွာတွင်သာ ကျန်းမာရေးဌာနခွဲတစ်ခု ရှိပါတယ်။ ဒေးဗရိန်းကျေးရွာမှ ကမာပေါင်ကျေးရွာသို့ ကတ္တရာလမ်း (၈)မိုင်အားဖြင့် ဝေးကွာပါတယ်။

သို့ဖြစ်ပါ၍ ကမာပေါင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်မည်ဆိုပါက ရွာ(၃)ရွာရှိ လူဦးရေ(၃၀၅၆)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပါတယ်။ ဝါးခုတ်တောကျေးရွာသည် ကြာပန်းကျန်းမာရေးဌာန၊ ညောင်ကျောင်းကျန်းမာရေးဌာနခွဲ အောက်တွင်တည်ရှိပြီး ကျေးရွာပေါင်း(၇)ရွာ ပါဝင်ကာ အိမ်ခြေပေါင်း(၁၁၉၂)၊ လူဦးရေ(၈၄၈၃)ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ညောင်ကျောင်းကျန်းမာရေးဌာနခွဲတစ်ခုသာ တည်ရှိပါတယ်။ ညောင်ကျောင်းကျေးရွာမှ ဝါးခုတ်တောကျေးရွာသို့ မြေသားလမ်း(၇)မိုင်ခန့် ကွာဝေးလှပြီး မိုးရာသီတွင် လမ်းများပျက်စီး၍ သွားလာရန် အလွန်ခက်ခဲလှပါတယ်။ ဝါးခုတ်တောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်မည်ဆိုပါက ရွာ(၄)ရွာရှိ လူဦးရေ(၃၀၃၄)ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ဌာနများ၌ လုပ်သက်(၁၀)နှစ်ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကထိကဌာနမှူးများအား တွဲဖက်ပါမောက္ခ ဌာနမှူးများအဖြစ် ရာထူးတိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ဌာနများ၌ လုပ်သက်(၁၀)နှစ်ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကထိကဌာနမှူးများအား တွဲဖက်ပါမောက္ခဌာနမှူးများအဖြစ် ရာထူးတိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများ၌ လုပ်သက်(၁၀)နှစ်ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကထိကဌာနမှူးများအား တွဲဖက်ပါမောက္ခဌာနမှူးများအဖြစ် ရာထူးတိုးပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်တွင် ဆေးတက္ကသိုလ်(၅)ခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(၂)ခု၊ သူနာပြုတက္ကသိုလ်(၂)ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(၂)ခု၊ ဆေးဝါးတက္ကသိုလ်(၂)ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နဲ့ တိုင်းရင်းဆေးတက္ကသိုလ် အစရှိသဖြင့် တက္ကသိုလ် စုစုပေါင်း(၁၆)ခု ရှိပါတယ်။ အဆိုပါ တက္ကသိုလ်များထဲမှ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှလွဲ၍ ကျန်တက္ကသိုလ်(၁၅)ခုတွင် ပထမနှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ အစရှိသည့် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်(၇)ခုကို သင်ကြားပို့ချလျက်ရှိပါတယ်။ တက္ကသိုလ်(၁၅)ခုရှိ ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များ သင်ကြားပို့ချသော ဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကထိကဌာနမှူးစုစုပေါင်း (၁၀၀)ကျော်ခန့်ရှိပါတယ်။

အဆိုပါ ဌာနမှူးများထဲမှ အများစုသည် ကထိကဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ (၁၀)နှစ်ကျော် (၁၅)နှစ်ခန့် ရှိလာခဲ့ပြီဖြစ်ပါတယ်။ တချို့ဆိုလို့ရှိရင် ပင်စင်ယူရခါ နီးနေပါပြီ။ သို့ပါသော်လည်း ယခုအချိန်ထိ တွဲဖက်ပါမောက္ခရာထူး မရရှိသေးကြောင်း စိတ်မကောင်းဖွယ်ကြားသိရပါတယ်။ အခြားသော ဝန်ကြီးဌာနများလက်အောက်ရှိ တက္ကသိုလ်များဖြစ်သော နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နှင့် သမဝါယမတက္ကသိုလ်များရှိ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများ၌ တာဝန်ထမ်းဆောင်နေသော ဌာနမှူးများသည် ပါမောက္ခဌာနမှူးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။

အဆိုပါ ဌာနမှူးများသည်လည်း ယင်းတို့၏ တက္ကသိုလ်များတွင် ပထမနှစ်တစ်နှစ်တည်းကိုသာ သင်ကြားပို့ချကြရပါတယ်။ အခြားသော ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချနေသည့် ဌာနမှူးများသည် ပါမောက္ခရာထူး ရရှိပြီး ပါမောက္ခဌာနမှူးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဌာနမှူးများမှာမူ ကထိကဌာနမှူးရာထူးနှင့်သာ ရပ်တန့်နေခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်တွင် တာဝန်ထမ်းဆောင်နေသော ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ် ဌာနမှူးများသည် ကထိက ဌာနမှူးများသည် လွန်စွာမှ နစ်နာလှပါတယ်။

ထို့ကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့သော ကထိကဌာနမှူးများအား ပါမောက္ခဌာနမှူးရာထူးအဖြစ် အဆင့်တိုးမြှင့်မပေးရင်တောင်မှ တွဲဖက်ပါမောက္ခဌာနမှူး ရာထူးလောက်တော့ အနိမ့်ဆုံး တိုးမြှင့်ပေးသင့်ပါတယ်။ ယခုကဲ့သို့ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့သည့် ကထိကဌာနမှူး ဆရာ၊ ဆရာမများအနေဖြင့် ရာထူးတိုးမြှင့်မှုကို ခံစားရယူလိုခြင်းသည် ရာထူးလစာတို့ထက် ပြည်သူ့အစိုးရအနေဖြင့် ပြည်သူတို့အတွက် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့သည့် ပြည်သူ့ဝန်ထမ်းများအပေါ် အသိအမှတ်ပြုမှု၊ တန်ဖိုးထားမှုတို့ကို ခံယူလိုသောကြောင့် ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ဌာနများ၌ လုပ်သက်(၁၀)နှစ်ကျော် ပြည်သူ့တာဝန်ထမ်းဆောင်ခဲ့သည့် ကထိကဌာနမှူးများအား တွဲဖက်ပါမောက္ခဌာနမှူးများအဖြစ် ရာထူးတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ သီးလုမ်၊ ဝေဘူလ၊ ရမ်ထလိုနှင့် လုံဘန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဖလမ်းမြို့နှင့် ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရ ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ 　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ သီးလုမ်၊ ဝေဘူလ၊ ရမ်ထလိုနှင့် လုံဘန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဖလမ်းမြို့နှင့် ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ 　　။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံးနဲ့ ဝန်ထမ်းများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့နယ်တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရန်အတွက် သီးလုမ်၊ ဝေဘူလ၊ ရမ်ထလိုနှင့် လုံဘန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန်နှင့် ဖလမ်းမြို့နှင့် ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ 　　။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း တောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ၏ မေးခွန်းဖြစ်သော သီနမ်းကျေးရွာအုပ်စု၊ သီနမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ပေးရန်ကိစ္စနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေး ဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၈)ခု၊ မိခင်ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျောင်းကျန်းမာရေး ဌာန(၁)ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းအင်အားအနေနှင့်လည်း ကျန်းမာရေးမှူး(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၄)ဦး၊ ပြည်သူ့ကျန်းမာရေးမှူး(၃)(ကြီးကြပ်-၁)(၂)ဦး၊ ကျောင်းကျန်းမာရေး ဆရာမ(၅)ဦး၊ သားဖွားဆရာမ(၂၂)ဦး၊ ကျန်းမာရေးမှူး(၄)(ကြီးကြပ်-၂) (၂၇)ဦးတို့ဖြင့် စုစုပေါင်း လူဦးရေ(၄၈၀၀၀)ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီနမ်းကျေးလက်ကျန်းမာရေးဌာနခွဲသည် ဇိုခွားကျေးလက်ကျန်းမာရေးဌာန အောက်တွင်ရှိပြီး ဟားခါး မြို့နယ်ဆေးရုံကြီးနှင့် (၃၆)မိုင်၊ ဇိုခွားကျေးလက်ကျန်းမာရေးဌာနနှင့် (၁၅)မိုင်ကွာဝေးပြီး ကကျေးရွာ ပေါင်း(၈)ရွာ၊ အိမ်ခြေ(၄၈၀)၊ လူဦးရေ(၃၀၀၀)ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလွှမ်းခြုံ ပေးနိုင်ရန်ကို ရည်ရွယ်၍လည်းကောင်း၊ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း တိုးမြှင့် ပေးသင့်ကြောင်း ထောက်ခံတင်ပြထားသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက် ပေးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းခွင့်ပြုမိန့် ရရှိပါက အဆိုပါဖွဲ့စည်းပုံမှာ ဝန်ထမ်း(၁၅)ဦး တိုးမြှင့်ခန့်ထား နိုင်မည်ဖြစ်ပါကြောင်းနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပိုမိုလွှမ်းခြုံ ဆောင်ရွက်ပေး နိုင်မည်ဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ငွေလုံးငွေရင်းမှ ဆောက်လုပ်ပေး နိုင်ရန် ဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သော သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကိစ္စနဲ့ပက်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေး ဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၈)ခု၊ မိခင်ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျောင်းကျန်းမာရေး

ဌာန(၁)ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းအင်အားအနေနဲ့တော့ လက်ထောက်ကျန်းမာရေးမှူး (၇)ဦး၊ ကျန်းမာရေးမှူး(၃)(ကြီးကြပ်-၁)(၂)ဦး၊ ကျောင်းကျန်းမာရေးဆရာမ(၆)ဦး၊ သားဖွားဆရာမ (၅၀)ဦး၊ ပြည်သူ့ကျန်းမာရေးမှူး(၄)(ကြီးကြပ်-၂)(၃၃)ဦးတို့ဖြင့် စုစုပေါင်းလူဦးရေ(၁)သိန်းခန့်တို့အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ကျောက်တောင်ကျေးရွာ၊ ရွှေဘော်ကုန်း ကျေးရွာ၊ ကမာပေါင်ကျေးရွာနှင့် ဝါးခုတ်တောကျေးရွာတို့တွင် ကနဦးစိစစ်ရာ၌ ဤကျေးရွာ(၄)ရွာ သည် ကျေးလက်ကျန်းမာရေး ဖွဲ့စည်းပုံ မရှိသေးသော ရွာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သထုံမြို့နယ်၊ ကျောက်တောင်ကျေးရွာသည် ပိန္နဲတောကျေးလက်ကျန်းမာရေးဌာန၊ ဝင်းဖုန်းကျေးလက် ကျန်းမာရေးဌာနခွဲ အောက်တွင်တည်ရှိပြီး ဝင်းဖုန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁၂)မိုင်ခန့် ဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း မြေသားလမ်းဖြင့်သာ သွားလာရပြီး မိုးတွင်းတွင် ခြေလျင်နှင့် စက်လှေဖြင့် သွားရသည်ကို သိရှိရပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်ရာ မြေနေရာလည်းရှိထားပြီးဟု ပြောထားပါသည်။ ၎င်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာန ဖွင့်မည်ဆိုပါက ရွာ(၄)ရွာ၊ လူဦးရေ(၃၀၀၀)ခန့်အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု ပေးနိုင်မှာ ဖြစ်ပါတယ်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှလည်း ထောက်ခံတင်ပြထားပါသဖြင့် ကျောက်တောင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း နှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျန်တဲ့ရွာ(၃)ရွာဖြစ်တဲ့ ရွှေဘော် ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့သည် ကြာပန်းကျေးလက်ကျန်းမာရေး ဌာနအောက်တွင် တည်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံမရှိသေးသော ရွာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လက်ရှိ ကြာပန်းကျေးလက် ကျန်းမာရေးဌာနတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (၈)ခု ရှိပြီးသားဖြစ်နေပြီး ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုထားသော အဆိုပါ ကျေးရွာ(၃)ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ထပ်မံတိုးချဲ့မည်ဆိုပါက စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာန(၁၁)ခု ဖြစ်သွားမှာဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ကျေးလက်ကျန်းမာရေးဌာန (၁)ခုအောက်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၄)ခု၊ (၅)သာလျှင် ရှိပါတယ်။ အခု ဒီလိုလုပ်မယ်ဆိုလို့ရှိရင်တော့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၁)ခု ဖြစ်သွားပါမယ်။ ၎င်းကျေးလက်ကျန်းမာရေးဌာနခွဲများအား တာဝန်ယူကြီးကြပ်ရသော လက်ထောက် ကျန်းမာရေးမှူးအနေနဲ့လည်း ပြန့်ကျဲကျယ်ပြန့်လွန်းတဲ့အတွက် အုပ်ချုပ်ကွပ်ကဲရန် ခက်ခဲခြင်း၊ ကပ်ရောဂါဖြစ်ပွားပါကလည်း ကွပ်ကဲထိန်းချုပ်ရန် အလှမ်းဝေးခြင်း၊ ကျန်းမာရေး အချက်အလက်၊ စာရင်းဇယားများ မှန်ကန်မှု၊ ဆန်းစစ်မှုတို့ အားနည်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါတယ်။

သို့ပါ၍ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တောကျေးရွာတို့ကို ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်မည့်အစား ကြာပန်း ကျေးလက်ကျန်းမာရေးဌာနအောက်တွင် လက်ရှိ ရှိပြီးသား ကျေးလက်ကျန်းမာရေးဌာနခွဲ(၈)ခုအနက်မှ အဆိုပါ(၃)ရွာအား လွှမ်းခြုံပေးနိုင်မည့်

လုပ်ငန်းဆောင်ရွက်မှု (Utlization Rate) အတွက် လွှမ်းခြုံနိုင်မယ့် ကျေးရွာနဲ့လူဦးရေ အဆောက်အအုံ ဆောက်လုပ်ရန် လိုအပ်သော အခြေခံလူမှုစီးပွားရေး အချက်အလက် စသည့် ပကတိမြေပြင် အချက် အလက်များကို အခြေခံပြီး ကျွန်တော်တို့ ရွေးချယ်မှာ ဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်ပြီး အဆင့် တိုးဖို့သင့်လျော်သော ကျေးလက်ကျန်းမာရေးဌာနခွဲအား မွန်ပြည်နယ်ဦးစီး၊ ပြည်သူ့ကျန်းမာရေး ဦးစီးမှူးနဲ့ ညှိနှိုင်းပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့် တိုးမြှင့်ခြင်းကိစ္စကို ကျွန်တော်တို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ၎င်းကျေးလက်ကျန်းမာရေးဌာန အသစ်(၁)ခု ဖွဲ့စည်းပုံရရှိမယ်ဆိုပါက အလိုအလျောက် ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခု ရရှိမှာ ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရွှေဘော်ကုန်းကျေးရွာ၊ ကမာပေါင်ကျေးရွာ၊ ဝါးခုတ်တော ကျေးရွာများလည်း အလိုအလျောက် ကျေးလက်ကျန်းမာရေးဌာနခွဲများ ရရှိသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ပထမနှစ်၌ ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များကို သင်ကြားပို့ချနေသော ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များမှ ကထိကဌာနမှူး လုပ်သက်(၁၀)နှစ်ကျော်များအား တွဲဖက်ပါမောက္ခဌာနမှူးများဖြင့် ရာထူးတိုးခြင်းကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်တွင်ရှိသော တက္ကသိုလ်နှင့် နှီးနွှယ်များမှာ ပထမနှစ်မှာ ကျွန်တော်တို့က မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒနှင့် သင်္ချာ စသဖြင့် ဘာသာရပ်(၇)ခုကို သင်ကြားပို့ချလျက်ရှိပါတယ်။ ပို့ချသည့်မှာလည်း ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် တောင်ကြီးမြို့များမှာရှိသော တက္ကသိုလ်များမှာ ဖွင့်လှစ်ထားရှိပါတယ်။ ထို့အပြင် တက္ကသိုလ်အလိုက် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေနှင့် အခြားသော ဝန်ကြီးဌာနများရှိ တက္ကသိုလ်များနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၃၁၉၈)ဦး၊ ၂၀၁၅ ခုနှစ်မှာ (၃၀၃၄)ဦး၊ ၂၀၁၆ ခုနှစ်မှာ (၃၁၁၆)ဦး၊ ၂၀၁၇ ခုနှစ်မှာ (၂၉၃၆)ဦး လျာထားပါတယ်။ ဘာသာရပ် အနေနဲ့ (၇)ဘာသာရှိပြီးတော့ ခန့်ထားတဲ့ ဆရာမဦးရေ(၈၃၂)ဦး ရှိပါတယ်။ အခြားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် နှစ်စဉ်လက်ခံသင်ကြားသည့် ကျောင်းသားဦးရေဟာ တော်တော်နည်းပါတယ်။ ဆရာနဲ့လက်ခံသင်ကြားပေးသည့် ကျောင်းသား ဦးရေအချိုးမှာ (၁း၄)ပဲ ရှိပါတယ်။ ဆေးနှင့် နှီးနွှယ်တက္ကသိုလ်များရှိ ဆေးအကြိုဘာသာရပ်များမှ ဆရာ၊ ဆရာမများနှင့် အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်သို့ ပြောင်းရွှေ့ထမ်းဆောင်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့အနေနဲ့က တက္ကသိုလ်များတွင် သတ်မှတ်လုပ်သက်ပြည့်မီအောင် တာဝန်ထမ်းဆောင်ပြီး လို့ရှိရင်တော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ ဆိုလိုတာမှာ သူတို့သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းသွားပြီး ရာထူးထပ်ပြီးတော့ ဌာနမှူးများ ရရှိနိုင်ပါတယ်။ ကျွန်တော်တို့ ဒီ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များအနေနဲ့တော့

ကျွန်တော်တို့ မူလဖွဲ့စည်းပုံတင်ပြကတည်းက ကထိကဌာနမှူးသာ အမြင့်ဆုံးနေရာနဲ့ပါရှိနေတာကြောင့် ကထိကဌာနမှူးများအနေဖြင့်သာ အမြင့်ဆုံးခန့်ထားနိုင်ကြောင်းနှင့် တွဲဖက်ပါမောက္ခဌာနမှူးများအတွက် ရာထူးတိုးမြှင့်ခန့်ထားရန်ကိုတော့ လောလောဆယ်တော့ အစီအစဉ် မရှိသေးပါဘူး။

သို့သော် ဒီမေးခွန်းကို ကျွန်တော် ဖြေတဲ့အချိန်မှာပဲ ကျွန်တော် တစ်ခု ခေါင်းထဲကို စဉ်းစားမိတာကတော့ ကျွန်တော် ဒီကိစ္စကိုတော့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိပါမယ်။ ညှိပြီးတော့ ဒီဟာပညာရေးဝန်ကြီးဌာနမှာ ဘယ်လို ကျောင်းသား Ratio နဲ့ ဆရာနဲ့ ဘယ်လိုဘယ်လို ပေးလို့ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော် ဒီဥစ္စာကိုလည်း စဉ်းစားပေးဖို့ ကျွန်တော် ဒီမှာ တင်ပြပါတယ်။ ကျွန်တော်အာမတော့ မခံပါဘူး။ သို့သော် အဖြစ်နိုင်ဆုံးတော့ ကျွန်တော် ကြည့်ပြီးတော့ ဘာလို့လဲဆိုတော့သူတို့ရဲ့ Carrier ladder လည်း ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ လာပြီးတော့ အနစ်နာခံပြီး သင်တယ်ဆိုတာ ဒါကို ကျွန်တော် ဒီနေရာမှာ စဉ်းစားမယ်ဖြစ်ကြောင်း လေးစားစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော သီးလုမ်၊ ဝေဘူလ၊ ရမ်ထလိုနှင့်လုံဘန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန်နှင့် ဖလမ်းမြို့နယ်နှင့်ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရ ကျန်းမာရေးဌာနဖွင့်လှစ်ရန် အစီအစဉ်နဲ့ ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့မှာဆိုရင် တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၉)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၆)ခု၊ မိခင်ကျန်းမာရေးဌာန(၁)ခု၊ ကျောင်းကျန်းမာရေးဌာန(၁)ခု၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများမှာ ကျန်းမာရေးမှူး(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၅)ဦး၊ မြို့နယ်သူနာပြု(၁)ဦး၊ ပြည်သူ့ကျန်းမာရေးမှူး(ကြီးကြပ်-၁)(၂)ဦး၊ ကျောင်းကျန်းမာရေးဆရာမ(၅)ဦး၊ သားဖွားဆရာမ(၄၅)ဦး၊ ပြည်သူ့ကျန်းမာရေးမှူး(ကြီးကြပ်-၂)(၄၄)ဦးတို့အပြင် စုစုပေါင်းလူဦးရေ(၅၀၀၀၀)ကျော်တို့အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီးလုမ်၊ ဝေဘူလ၊ ရမ်ထလို၊ လုံဘန်းကျေးရွာတို့အား ဆန်းစစ်ရာတွင် လက်ရှိခွင့်ပြုပြီးသောကျေးလက်ကျန်းမာရေးဌာနခွဲများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒီဝေဘူလ ကျေးလက်ကျန်းမာရေးဌာနခွဲသည် မွန်နီကျေးလက်ကျန်းမာရေးဌာနနဲ့ (၁၈)မိုင်၊ လုံဘန်းတိုက်နယ်ဆေးရုံနဲ့ (၂၆)မိုင်၊ ဖလမ်းပြည်သူ့ဆေးရုံကြီးနဲ့ (၄၄)မိုင်ဝေးပြီး ကျေးရွာပေါင်း(၁၀)ရွာ၊ အိမ်ခြေ(၃၀၂)အိမ်၊ လူဦးရေ(၁၅၀၀)ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲဖြစ်ပြီး ရမ်ထလိုကျေးလက်ကျန်းမာရေးဌာနခွဲသည် ဆိုင်ဖီးကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ (၃၈)မိုင်၊ ဖလမ်းမြို့နယ်ပြည်သူ့ဆေးရုံကြီးနဲ့လည်း (၂၂)မိုင်ဝေးပြီး ကျေးရွာပေါင်း(၄)ရွာ၊ အိမ်ခြေ(၂၅၀)အိမ်၊ လူဦးရေ(၁၀၀၀)ကျော်ဟာ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုပေးရသော ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ဧရိယာရှိ ကျေးရွာလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်သင့်သော ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ထောက်ခံထားပါတယ်။

သို့ဖြစ်ပါ၍ ဝေဘူလ၊ ရမ်ထလို ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ခုအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့်ဖွံ့ဖြိုးရေးကော်မတီ တင်ပြပြီးစီဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ သီးလုမ်ကျေးလက်ကျန်းမာရေးဌာနခွဲအား ဆန်းစစ်သည့်အခါ သီးဘွာလ်တိုက်နယ်ကျန်းမာရေးဌာနနဲ့ (၆)မိုင်၊ ဖလမ်းပြည်သူ့ဆေးရုံနဲ့ (၃၂)မိုင်ဝေးပြီး ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၆၅)အိမ် လွှမ်းခြုံနိုင်သည့် လူဦးရေဟာ (၄၁၆)ဦးပဲရှိပါတယ်။ ယေဘုယျအားဖြင့်တော့ အဲဒီလိုဖြစ်တဲ့အတွက် မလိုပါဘူး။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနတစ်ခုသည် သာမန်အားဖြင့် လူဦးရေ(၁၀၀၀၀) ကနေ (၁၅၀၀၀)အထိ လွှမ်းခြုံပေးရပါတယ်။ သို့သော် ချင်းပြည်နယ်မှာတော့ အများအားဖြင့် လျှော့ပြီး ပေးပါတယ်။ လက်ရှိ သီးလုမ်ကျေးလက်ကျန်းမာရေးဌာနခွဲမှ လွှမ်းခြုံဆောင်ရွက်နိုင်သော လူဦးရေဟာ (၄၀၀)ခန့်သာရှိသောကြောင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်း(၂)ဦးဖြစ်သော သူနာပြုနှင့် သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်မှူး(ကြီးကြပ်-၂)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လုံခြုံစွာ လွှမ်းခြုံပေးနိုင်တဲ့အတွက် ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ လောလောဆယ် တိုးမြှင့်ပေးရန် မလိုသေးကြောင်း ဖြေကြားအပ်ပါတယ်။

လုံဘန်းကျေးရွာနဲ့ ပတ်သက်၍ ဆန်းစစ်ရာတွင် လုံဘန်းတိုက်နယ်ဆေးရုံအား ၁၉၉၂ ခုနှစ်တွင် ဖွင့်လှစ်ထားပြီး တိုက်နယ်ကျန်းမာရေးဌာနလည်းရှိသည့်အပြင် ကျေးလက်ကျန်းမာရေးဌာနအား ၁၉၅၅ ခုနှစ်မှ စတင်ဖွင့်လှစ်ထားပြီး ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်သည့်အတွက် လောလောဆယ်တော့ မစဉ်းစားသေးပါဘူး။ ဖလမ်းမြို့နှင့် ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရကျန်းမာရေးဌာနများ အသစ်ဖွင့်လှစ်ပေးရန်ကိစ္စနဲ့ ပတ်သက်၍ ဖလမ်းမြို့ပေါ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၁)ရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျောင်းကျန်းမာရေးဌာနတစ်ခုတို့အပြင် ရပ်ကွက်(၄)ရပ်ကွက်၊ အိမ်ခြေ(၁၆၀၉)အိမ်၊ လူဦးရေ(၈၀၀၀)ကျော်အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးလျက်ရှိပြီး၊ ရိဒ်ခေါ်ဒါရ်မြို့တွင် (၁၆)ခုတင်ဆံ့ ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖြင့် အိမ်ခြေ(၉၀၀)ကျော်၊ လူဦးရေ(၅၅၀၀)ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ကောင်းမွန်စွာ လွှမ်းခြုံပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ခြင်းရဲ့ရည်ရွယ်ချက်ကတော့ မူလရည်ရွယ်ချက်မှာ လူဦးရေ ထူထပ်များပြားသော မြို့များတွင် မြို့ပြပြည်သူများအား ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို လွှမ်းခြုံဆောင်ရွက်ပေးနိုင်တဲ့အတွက် ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဒေသန္တရကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ဖို့ဆိုရင်တော့ လူဦးရေ(၁)သိန်းရှိသော မြို့များအတွက်ပဲ ကျွန်တော် လိုအပ်သည်ဖြစ်ပါတယ်။ လက်ရှိမှာ တစ်နိုင်ငံလုံးမှာလည်း မြို့နယ်ပေါင်း(၃၃၀)တွင် လူဦးရေများပြားသော မြို့နယ်(၉၃)မြို့နယ်တွင်သာ ဒေသန္တရကျန်းမာရေးဌာနများထားရှိခြင်း ဖြစ်ပါတယ်။ ၎င်းမြို့(၂)မြို့၏ လူဦးရေနှင့် အခြေအနေအရ လက်ရှိကျန်းမာရေးဌာနဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကောင်းစွာ လွှမ်းခြုံပေးနိုင်ခြင်းကြောင့် ဖလမ်းမြို့နှင့် ရိဒ်ခေါ်ဒါရ်မြို့တို့တွင် ဒေသန္တရကျန်းမာရေးဌာန လောလောဆယ် ဖွင့်လှစ်ရန် မလိုအပ်သေးကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် ထပ်ဆင့်တင်ပြချင်တာကတော့ အခု ကျွန်တော်တို့ ပေးထားတဲ့ဟာတွေအပေါ်မှာလည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ အခု ကျွန်တော် သီးလုမ်နဲ့ လုံဘန်းတို့ ပြီးတော့ ကျန်းမာရေးဌာနခွဲ မေးရခြင်း အကြောင်းရင်းကတော့ ကျွန်တော် သိသလောက်တော့ ဒီတစ်ခုရှိမှ သူ့ရဲ့ လက်အောက် ဒီဘေး ပတ်ဝန်းကျင်မှ ရွာမှာဖွဲ့စည်းရမယ့် ပုံစံတွေရှိတယ်လို့ သိရပါတယ်။ အခု ဖလမ်းမြို့နယ်မှာ (၉)ခုပဲ ရှိတဲ့အတွက်ကြောင့် သူ့အောက်မှာ ထပ်ဖွဲ့ရမယ့် ဌာနတွေက မလုံလောက်တော့ဘူး။ ရွာတစ်ရွာကနေ စောင့်ရှောက်ရတဲ့ ဌာနတစ်ခုကနေ စောင့်ရှောက်ရတဲ့ ရွာပေါင်းက များလွန်းပါတယ်။ ဒါကြောင့် တိုးချဲ့ ပြီးတော့ ဒီလိုမျိုးလုပ်ရန် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလို အစီအစဉ် ရှိ/မရှိ။ ပြီးတော့ အခု သီးလုမ်နဲ့ သီးဘွာလ်တို့က (၆)မိုင်လို့ပဲပြောပါတယ်။ ဒါပေမဲ့ Google Map ကြည့်ရင်တော့ ဒီလောက်ပဲ ဝေးပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ကျွန်တော် သွားလို့ရှိရင် ချောင်းကနေ ဖြတ်လို့မရတဲ့အတွက်ကြောင့်------

**ဥက္ကဋ္ဌ**။ ။ လိုရင်းလေးမေး။ ဆက်စပ်မေးခွန်းဆိုတာ ရှင်းမပြနဲ့။ ခင်ဗျား ဘာဆက်သိချင်တာလဲ၊ သူဖြေသွားတဲ့အပေါ်မှာ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်ကဲ့။ အဲဒီလိုမျိုး ဝေးတဲ့အတွက်ကြောင့်ပေါ့နော်၊ အထူးစဉ်းစားပေးရန် သူ့ရဲ့အောက်မှာ ဖွဲ့ရမယ့်ဌာနတွေ လိုတဲ့အတွက်ကြောင့် စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ မေးချင်ပါတယ်။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ပြန်တော့ စဉ်းစားပေးပါမယ်။ သေချာတော့ ဒါပေမဲ့ ယေဘုယျဖြင့်တော့ လုပ်တာတော့ မလိုသေးပါဘူး။ လိုလို့ရှိရင်တော့ ကျွန်တော်တို့ အချိန်မရွေး ပြန်လုပ်လို့ရပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီကပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/ ၂၀၁၇ -၄၂
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၇-၇-၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးတို့မှ ၂-၈-၂၀၁၇ ရက်နေ့၊ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၄-၈-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

(က) အဆိုပြုဥပဒေကြမ်း အပိုဒ် ၂ တွင်ပါရှိသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသော စကားရပ်များအစား လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်း ဆိုသည်မှာ သတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူ အကျိုးရှိစေသည့် လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊

လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို တရားရုံးအမိန့်ပါ ပြစ်ဒဏ်အတိုင်း ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် ဆိုသည့် စကားရပ်ကို ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို တွန်းအားပေးဆောင်ရွက်ရန် ဆိုသည့် စကားရပ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက် နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ပေးရန် ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရ ပါတယ်။

(ခ) အဆိုပြု ဥပဒေကြမ်း အပိုဒ် ၆ တွင် ပါရှိသည့် မူလဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးရေး ဆိုသည့်စကားရပ်ကို ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(တ)တွင် ဖော်ပြထားသော စကားရပ် များအစား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကို သယ်ယူ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ တရားခံ လွှဲပြောင်းရေး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ထ)တွင် ဖော်ပြထားသော ကလေးသူငယ်များနှင့် လူငယ်များမှ သိရှိနိုင်ရေးအတွက် ဆိုသည့်စကားရပ်ကို ပြည်သူများ သိရှိနိုင်ရေး အတွက် ဆိုသည့်စကားရပ်ဖြင့် အသီးအသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ) တွင်ပါရှိသည့် ပုဒ်မ ၆၊ ပုဒ်မခွဲ(ဒ) တွင် ဖော်ပြထားသော လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ဆောင်ရွက် ခြင်းဖြင့် ဆိုသည့်စကားရပ်ကို လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများမှ ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဓ)တွင် ဖော်ပြထားသော ကျောင်းအတွင်းနှင့် ကျောင်းပြင်ပ၊ အလုပ် နေရာများတွင် ဆိုသည့်စကားရပ်ကို ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့် လုပ်ငန်း ခွင်နေရာများတွင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဠ)တွင် ဖော်ပြထားသော စကားရပ်များအစား လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုး ပြင်ဆင်

သင့်ကြောင်းနှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(န) ၏နောက်တွင် ပုဒ်မခွဲ(ပ) အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၆။(ပ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်း

(ဃ) အဆိုပြုဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဃ)တွင်ပါရှိသည့် မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဂ)၏နောက်တွင် ဖြည့်စွက်သည့် ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော အနီးဆုံးဆေးကုသဌာနသို့ ပို့အပ်နိုင်သည် ဆိုသည့်စကားရပ်ကို အနီးဆုံး ဆေးကုဌာန၊ ဂေဟာသို့ ဆောလျင်စွာပို့အပ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသော ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ခြင်းခံရသည့် ဆိုသည့်စကားရပ်ကို ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိသော ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်းနှင့် ပုဒ်မခွဲ(ဈ)တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းပေးပို့အကြောင်းကြားနိုင်သည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်ပြီး ဥပဒေကြမ်းကော်မတီမှ မူလတင်ပြထားသည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)၏နောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

၁၁။(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် ပါရှိသော လိုအပ်သလို ဆိုသည့် စကားရပ်ကို တတ်စွမ်းသမျှ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) အဆိုပြုဥပဒေကြမ်း အပိုဒ် ၁၂ တွင်ပါရှိသည့် ပုဒ်မ ၁၁-က တွင် ဖော်ပြထားသော တည်ဆဲဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စာချုပ်များတွင် ဆိုသည့် စကားရပ်ကို တည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများတွင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီမှ မူလတင်ပြထားသည့် အပိုဒ် ၁၆ တွင် ဖော်ပြထားသော တစ်ရက် ၂ နာရီဖြင့် အနည်းဆုံးနာရီ ၁၈၀ မှ အများဆုံးနာရီ ၂၄၀ အထိ ဆိုသည့်စကားရပ်ကို တစ်ရက် ၂ နာရီဖြင့် အနည်းဆုံးနာရီ ၂၄၀ မှ အများဆုံးနာရီ ၃၆၀ အထိ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြုဥပဒေကြမ်း အပိုဒ် ၁၇ တွင်ပါရှိသည့် ပုဒ်မ ၁၇-က တွင် ဖော်ပြထားသော ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်

အထိ ဆိုသည့် စကားရပ်ကို ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဟု လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းသဘောတူညီမှုမရရှိခဲ့သည့် အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါတယ် -

(က) တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော၏ ဥပဒေအာဏာတည်သည့် နေ့ရက်အတွက် အပိုဒ် ၂ အသစ်ဖြည့်စွက်ချက်သည် လိုအပ်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

( ခ ) တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး တို့၏ မူလဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဈ) နှင့် (ည)တို့ကို မူလအတိုင်း ဆက်လက်ပြဋ္ဌာန်းရန် အဆိုပြုချက်သည် တည်ဆဲဥပဒေများဖြစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၁၁/၂၀၁၄) နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃/၂၀၁၄) တို့ပါ ပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ယင်းတို့ကို အသွင်ပြောင်းလဲခြင်းကြောင့် ရရှိလာသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်ဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ပိုမိုပြည့်စုံမှုရှိသည့်အတွက် ဥပဒေဆိုင်ရာ ဝိရောဓိ မဖြစ်စေရန် မူလဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကို ပယ်ဖျက်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

( ဂ ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ၏ မူလဥပဒေအခန်း(၅)ကို ပြင်ဆင်ရန် မသင့်ကြောင်း အဆိုပြုချက်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၏ မူလဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အပေါ် ပြင်ဆင်အဆိုပြုချက်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကိုကိုနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး တို့၏ မူလဥပဒေ ပုဒ်မ ၁၂ ကို အစားထိုးရန် မလိုအပ်ကြောင်း အဆိုပြုချက်၊ အခန်း(၇-က) နှင့် အပိုဒ် ၁၅ တို့ကို အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း အဆိုပြုချက်၊ မူလဥပဒေ အခန်း(၈) ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင်ပါရှိသော မူလဥပဒေပုဒ်မ ၁၅ ကို ပယ်ဖျက်ရန် မလိုအပ်ကြောင်း အဆိုပြုချက်၊ မူလဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြချက်များသည် မူးယစ်ဆေးဝါးသုံးစွဲသူများအား အကျဉ်းချသည့် ပြစ်ဒဏ်ချမှတ်ခြင်းမပြုဘဲ လူသားချင်း စာနာစွာဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေခြင်းဖြင့် လမ်းကြောင်း

မှန်ပေါ်သို့ ပြန်လည်ပြုပြင်ပေးနိုင်ရန် အထူးလိုအပ်သည့်အတွက် အဆိုပါ အပိုဒ်၊ အပိုဒ်ခွဲများကို ပြင်ဆင်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီး နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ၏ အပိုဒ် ၂၈-က၊ အပိုဒ်ခွဲ(ခ) ကို အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း အဆိုပြုချက်ကို အတည်မပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၄။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက် အများစုပေါ် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့သည့်အတွက် ပြင်ဆင်ချက်များအဖြစ် တင်ပြအပ်ပါသည်။ ညှိနှိုင်းသဘောတူညီမှု မရရှိခဲ့သည့် အဆိုပြုချက်များအတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ကြောင်း သဘောရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၅။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းခဲ့ပြီးဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ ညှိနှိုင်းသဘောတူညီမှု မရရှိခဲ့သည့် အဆိုပြုချက်များအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်း အစီရင်ခံ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော်ဝန်ထမ်းများ အားလုံး ကျန်းမာချမ်းသာကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၃၀) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားကို ကန့်လန့်ဖြတ်ဇယားနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးထံ ဖြန့်ဝေတင်ပြထားပါတယ်။ ကန့်လန့်ဖြတ်ဇယားအတိုင်း ဆောင်ရွက်ခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁)မှာ ပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော က ဥပဒေကြမ်းမှာ အပိုဒ် ၂ အဖြစ် အသစ်ဖြည့်စွက်လိုကြောင်း တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြအပ် ပါတယ်။

ဒီအချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင်ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အနီရောင်ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၅)မဲ၊ ကန့်ကွက်မဲ (၆၃)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၂)၊ (၃) နဲ့ (၄) တို့မှာ ဖော်ပြထားတဲ့ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ်၂ ရဲ့ ခြေဆင်း၊ အပိုဒ် ၂(က)ဖြစ်တဲ့ ထုတ်လုပ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အပိုဒ် ၂(ခ) ရဲ့ ခြေဆင်း၊ အပိုဒ် ၂(ခ) မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၊ အပိုဒ်ခွဲ(ဇ)ဖြစ်တဲ့ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်း၊ အဓိပ္ပာယ်ဖော်ပြချက်နဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ) နဲ့ (ဂ) ရည်ရွယ်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(က)၊ အပိုဒ် ၂(ခ)ခြေဆင်း၊ အပိုဒ် ၂(ခ) တွင် ဖော်ပြထားသော ပုဒ်မ ၂(ဇ)၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က) ခြေဆင်း၊ အပိုဒ် ၃ (ခ) (ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ ခြေဆင်း၊ အပိုဒ်၂(က)၊ အပိုဒ် ၂ (ခ)ခြေဆင်း၊ အပိုဒ် ၂(ခ) တွင် ဖော်ပြထားသော ပုဒ်မ ၂(ဇ)၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က) ခြေဆင်း၊ အပိုဒ် ၃ (ခ) (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ) ရဲ့ ပြင်ဆင်ချက် ဖြစ်ပါတယ်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ကလည်း အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ) ကို ပြင်ဆင်ချက်အဖြစ် တင်သွင်းထားပါတယ်။

သို့ဖြစ်ပါတဲ့အတွက်ကြောင့်မို့လို့ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ) ကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၄)မဲ၊ ကန့်ကွက်မဲ (၆၅)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အနေနဲ့ကတော့ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ) အဖြစ် ဥပဒေကြမ်းရဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဈ) နဲ့ (ည) တို့ ပယ်ဖျက်ရန် ဖြစ်ပါတယ်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဋ္ဌေးဦး တို့ကတော့ မူလ ပြဋ္ဌာန်းချက် အတိုင်းထားရှိရန် တင်ပြထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော နှင့် ဦးဋ္ဌေးဦး တို့ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၃)မဲ၊ ကန့်ကွက်မဲ (၇၆)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၈) နဲ့ (၉)မှာ ဖော်ပြထားတဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၅ ရဲ့ ခြေဆင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၆ ရဲ့ ခြေဆင်း၊ အပိုဒ် ၆(က)ရဲ့ ခြေဆင်း၊ အပိုဒ် ၆ (ခ) နဲ့ (ဂ) အသစ်ဖြည့်စွက်ချက်များဖြစ်တဲ့ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(က) ခြေဆင်း၊ အပိုဒ် ၅(ဃ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆(က) ခြေဆင်း၊ အပိုဒ် ၆(ခ)(ဂ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(က) ခြေဆင်း၊ အပိုဒ် ၅(ဃ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆(က)ခြေဆင်း၊ အပိုဒ်၆(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၀) ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ မူလဥပဒေရဲ့ အခန်း(၅) ခေါင်းစဉ် ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီကတော့ အဆိုပြုပြဋ္ဌာန်းချက် အတိုင်းအတည်ပြုဖို့ တင်ပြထားပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတင်အောင်ထွန်း ကတော့ မူလဥပဒေအတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ ရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးတင်အောင်ထွန်း ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၁)မဲ၊ ကန့်ကွက်မဲ (၇၀)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၁၁)၊ (၁၂)နဲ့ (၁၃)တို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ အနေနဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဆ)(ဇ) နဲ့ (ဈ) များကို ဖော်ပြပါအတိုင်း ပြင်ဆင်ချက် တင်သွင်းထားပါတယ်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ကတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၉၊ အပိုဒ်ခွဲ(က) နဲ့ (ခ) အတွက် ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။

မကွေးတိုင်းဒေသကြီးက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးတင်အောင်ထွန်း ကတော့ မူလဥပဒေအတိုင်းပဲ ဆက်လက်ပြဋ္ဌာန်းရန် တင်ပြထားပါတယ်။

သို့ပါသောကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို တစ်ဆင့်ချင်း ရယူဆောင်ရွက် ပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ရဲ့ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက် မှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးတင်အောင်ထွန်း ရဲ့ တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၈)မဲ၊ ကန့်ကွက်မဲ (၆၃)မဲ၊ ကြားနေမဲ (၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၏ တင်ပြချက်ကို ဥပဒေကြမ်း ကော်မတီနှင့် ဆက်လက်ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အပိုဒ် ၉ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဆ)(ဇ) နဲ့ (ဈ) ပါ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နှင့် (ဆန္ဒမဲများသူ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော) ၏ တင်ပြချက် ကို ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် (ဆန္ဒမဲများသူ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော) ၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၉)မဲ၊ ကန့်ကွက်မဲ (၇၁)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ တင်ပြမှာကတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၀ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ (၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အနေနဲ့ကတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတင်အောင်ထွန်း ကတော့ မူလဥပဒေအတိုင်း ဆက်လက်ထားရှိပေးပါရန် တင်ပြထားတဲ့အတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးတင်အောင်ထွန်း ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၁)မဲ၊ ကန့်ကွက်မဲ (၇၀)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၄) နဲ့ (၁၅)တို့မှာ ဖော်ပြထားတဲ့

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၁၊ နောက်တစ်ခါ အပိုဒ် ၁၂ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၁-က အဖြစ် အသစ်ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုဒ်မ ၁၁-က ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုဒ်မ ၁၁-က သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြမှာကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၅)ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၁၃ အနေနဲ့ မူလဥပဒေ ပုဒ်မ ၁၂ ကို အစားထိုး ဖြည့်စွက်ချက် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ အပိုဒ် ၁၃ အဖြစ် အသစ်ဖြည့်စွက်ရန် တင်ပြထားပြီးတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဗိုလ်မှူးကိုကိုနိုင် နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ဦးတင်အောင်ထွန်း နဲ့ ဦးစိုးသိန်း(ခ)ဦးမောင်စိုး တို့ကတော့ အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြထားတဲ့အတွက် ဒီ အချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကိုကိုနိုင်၊ ဦးတင်အောင်ထွန်းနှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၇)မဲ၊ ကန့်ကွက်မဲ (၇၃)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၇) ဖြစ်ပါတယ်။ မူလဥပဒေရဲ့ အခန်း(၇)ရဲ့ နောက်မှာ အခန်း(၇)(က) အဖြစ် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေခြင်း၊ အခန်းသစ်တစ်ခန်း ဖြည့်စွက်ခြင်းနဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၁၅ အဖြစ် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်ရန် ကိစ္စရပ်များအတွက် အပိုဒ်အသစ် ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဗိုလ်မှူးကိုကိုနိုင်၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း နဲ့ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ကတော့ အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကိုကိုနိုင်၊ ဦးတင်အောင်ထွန်း နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၈)မဲ၊ ကန့်ကွက်မဲ (၇၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး တင်ပြမှာကတော့ စာမျက်နှာ(၁၈) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၁၇ အသစ်ဖြည့်စွက်ချက်ကို အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး(၃)ဦးက တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ ဒီအချက်ကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကိုကိုနိုင်၊ ဦးတင်အောင်ထွန်းနှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၀)မဲ၊ ကန့်ကွက်မဲ (၆၉)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၁၉) နဲ့ (၂၀)မှာ ဖော်ပြထားတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ပြင်ဆင်ချက်အဆို တင်သွင်းထားခြင်းမရှိဘဲနဲ့ ဥပဒေကြမ်းကော်မတီကသာ ပြင်ဆင်ချက်အဖြစ် တင်ပြထားတဲ့ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၈ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)၊ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၉ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၇-က ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈(က)၊ အပိုဒ် ၁၉ တွင် ဖော်ပြထားသော ပုဒ်မ၁၇-က ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈ (က)၊ အပိုဒ် ၁၉ တွင် ဖော်ပြထားသော ပုဒ်မ ၁၇-က သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၂၀)မှာ ဖော်ပြထားတဲ့ ဥပဒေကြမ်း ကော်မတီရဲ့ အပိုဒ် ၂၁ ပြင်ဆင်ချက် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး(၃)ဦး

ကတော့ အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ ဆက်လက်ပြဋ္ဌာန်းသင့်ကြောင်း တင်ပြထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကိုကိုနိုင်၊ ဦးတင်အောင်ထွန်း နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၃)မဲ၊ ကန့်ကွက်မဲ (၆၉)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၂၁)နဲ့ (၂၂)တို့မှာ ဖော်ပြထားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂၂ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ခ)ရဲ့ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဂ) ရဲ့ ခြေဆင်း၊ အပိုဒ် ၂၃ ရဲ့ ခြေဆင်း၊ အခန်း(၈-က) အခန်းခေါင်းစဉ်၊ ပုဒ်မ ၂၈-ခ၊ အပိုဒ်ခွဲ(က)(ခ)၊ ပုဒ်မ ၂၈-ဂ၊ အပိုဒ်ခွဲ(က) ပြင်ဆင်ဖြည့်စွက်များကို လွှတ်တော်က အတည် ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂(ခ) ခြေဆင်း၊ အပိုဒ် ၂၂ (ဂ)ခြေဆင်း၊ အပိုဒ်၂၃ ခြေဆင်း၊ အပိုဒ် ၂၃ တွင် ဖော်ပြထားသော အခန်း(၈-က) အခန်းခေါင်းစဉ်၊ ပုဒ်မ ၂၈-ခ (က)(ခ)၊ ပုဒ်မ ၂၈-ဂ(က) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂ (ခ) ခြေဆင်း၊ အပိုဒ် ၂၂(ဂ) ခြေဆင်း၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ်၂၃တွင် ဖော်ပြထားသော အခန်း(၈-က) အခန်း ခေါင်းစဉ်၊ ပုဒ်မ ၂၈-ခ (က)(ခ)၊ ပုဒ်မ ၂၈-ဂ(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီး ပြင်ဆင်ချက် ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂၃)ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အပိုဒ် ၂၈-ဂ အပိုဒ်ခွဲ(ခ)အဖြစ် အသစ်ဖြည့်စွက်ရန် တင်ပြထားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးဖြစ်တဲ့ ဦးအောင်သိန်း ကတော့ အသစ်ဖြည့်စွက်ရန် မလိုအပ်ကြောင်း တင်ပြထားတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးအောင်သိန်း ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၅၁)မဲ၊ ကန့်ကွက်မဲ (၃၂)မဲ၊ ကြားနေမဲ (၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ(၂၃) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၄ နဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂၅ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၃၀၊ အပိုဒ်ခွဲ(က) နဲ့ (ခ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄၊ အပိုဒ် ၂၅ တွင် ဖော်ပြထားသော ပုဒ်မ ၃၀(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄၊ အပိုဒ် ၂၅ တွင် ဖော်ပြထားသော ပုဒ်မ ၃၀(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်များကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ် ၂၁ မှာ ဖော်ပြထားတဲ့ အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၂၈-က တို့ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ မူလဥပဒေပုဒ်မ ၂၆၊ အပိုဒ်ခွဲ(ဂ) ကို လိုအပ်ခြင်း မရှိတော့တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကြီး ကနေပြီးတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ဖို့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြမှာ ဖြစ်ပါတယ်။

အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းရဲ့

အပိုဒ် ၁၊

အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂(ဆ)၊

အပိုဒ် ၃(က)မှာ ဖော်ပြထားတဲ့ ပုဒ်မ၃(ခ)၊

အပိုဒ် ၁၂ ရဲ့ ခြေဆင်း၊

ပြောင်းလဲအမှတ်စဉ်ထားတဲ့

အပိုဒ် ၄ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅(က)၊

အပိုဒ် ၅(က) မှာ ဖော်ပြထားတဲ့ ပုဒ်မ ၆(က)၊

အပိုဒ် ၆(က) မှာ ဖော်ပြထားတဲ့ ပုဒ်မ ၇(က)(ခ)၊

အပိုဒ် ၇၊

အပိုဒ် ၁၄ တွင် ဖော်ပြထားသော ပုဒ်မ ၁၃ (င)၊

အပိုဒ် ၁၅ ရဲ့ ခြေဆင်း၊

အပိုဒ် ၁၅ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၄-က၊

အပိုဒ် ၁၉ ခြေဆင်း၊

အပိုဒ် ၂၀၊

အပိုဒ်၂၂(ခ) မှာ ဖော်ပြထားတဲ့ ပုဒ်မ၂၆(ဃ)၊

အပိုဒ်၂၂(ဂ) မှာ ဖော်ပြထားတဲ့ ပုဒ်မ၂၆(စ)၊

အပိုဒ်၂၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ၂၈-က၊ ပုဒ်မ၂၈-ခ ခြေဆင်း၊

အပိုဒ် ၂၅ ခြေဆင်း နှင့်

အပိုဒ် ၂၅ မှာ ဖော်ပြထားတဲ့

ပုဒ်မ ၃၀ ရဲ့ ခြေဆင်းတို့ကို ပြင်ဆင်ချက်များ မရှိတဲ့အတွက်ကြောင့်မို့လို့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး အနေနဲ့ ပြင်ဆင်သည့် ဥပဒေကြမ်း အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြု ဆုံးဖြတ်ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်သောင်း က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁) နာရီခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၂၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ် စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက် ၉-၈-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆို တင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက် အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက် ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်မှ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမှာကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ဩဂုတ်လ ၆ ရက်နေ့တုန်းက ကျွန်တော်တို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်တဲ့ မောင်တောစုံစမ်းစစ်ဆေးရေးကော်မတီရဲ့ (၈)လကြာ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို ရှင်းလင်းတဲ့ပွဲကို ကျွန်တော်တို့ ရန်ကုန်မြို့ ကုန်းမြင့်သာယာမှာ ကျင်းပခဲ့ပါတယ်။

အဲဒီပွဲမှာ အဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ ဦးအောင်ကြည် က ပြောခဲ့တာ ရှိပါတယ်။ ဦးအောင်ကြည် ဆိုတာက ကျွန်တော်တို့ တပ်မတော် အစိုးရခေတ်တုန်းက ဒေါ်အောင်ဆန်းစုကြည် နဲ့ ဆက်ဆံရေး ဝန်ကြီးအဖြစ် တာဝန်ယူခဲ့တဲ့ပုဂ္ဂိုလ်ပါ။ ဦးအောင်ကြည် က ဘာပြောခဲ့သလဲဆိုတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိစ္စ၊ ရခိုင်ပြည်နယ် ပြဿနာတွေဟာ ဟိုတုန်းက ခေတ်အဆက်ဆက် အစိုးရတွေ မဖြေရှင်းခဲ့တဲ့အတွက် လက်ရှိ ကျွန်တော်တို့ အစိုးရ ဒီဘက်ခေတ်အထိ ဒီပြဿနာတွေဟာ အမြစ်တွယ် နေတယ်၊ ရှုပ်ထွေးနေတယ်။ ကျွန်တော်တို့ ပြဿနာအဖြစ် ရှိနေတယ်ဆိုတာကို ပြောခဲ့ပါတယ်။

အဲဒီတော့ အဲဒါကို ရှင်းဖို့ကလည်း လက်ရှိအစိုးရကလည်း၊ ပြည်ထောင်စုအစိုးရကလည်း ဒီမောင်တောစုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ တခြားသော ကော်မရှင်၊ ကော်မတီလုပ်ငန်းတွေကို လုပ်နေ ပါတယ်။ အဲဒီတော့ အဲဒီလုပ်တဲ့နေရာမှာ၊ သို့သော် ကျွန်တော် တစ်ခုပြောချင်တာကတော့ ကျွန်တော်တို့ ဒီပြဿနာဟာ အကြမ်းဖက်မှု ပြဿနာပါ။ အကြမ်းဖက်မှု ပြဿနာကို အကြမ်းဖက်မှု မဟုတ်ဘူး လို့တော့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အနောက်နိုင်ငံတွေမှာ အကြမ်းဖက် အုပ်စုတွေကို အကြီးအကျယ် နှိမ်နင်းနေတဲ့အခါမှာ ဂျီဟတ်၊ IS ၊ ဘိုကိုဟာရမ် စတဲ့ အကြမ်းဖက် အဖွဲ့တွေက အားနည်းတဲ့ ကျွန်တော်တို့ အာရှဒေသကို ကူးပြီးတော့ သူတို့ရဲ့ လူခံတွေ ရှိတဲ့နေရာတွေမှာ အကြမ်းဖက်လှုပ်ရှားမှုတွေ လုပ်တယ်။

အဲဒီတော့ ဒီအကြမ်းဖက်လှုပ်ရှားမှုတွေကို ကျွန်တော်တို့ အခုအချိန်ကစပြီးတော့ မဖြိုခွင်းခဲ့ လို့ရှိရင် ကျွန်တော်တို့မှာ အများကြီး ဒီ ရခိုင်ပြည်နယ်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အနောက်ဘက် တံခါးဝလို့ ခေါ်ရမယ့် ရခိုင်ပြည်နယ်၊ ဒီ ရခိုင်ပြည်နယ်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့ ရန်ကုန်မြို့ အထိ၊ မန္တလေးမြို့အထိ မကြာမီမှာ ကူးစက်လာနိုင်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ပူးပေါင်းပြီးတော့ ဖြေရှင်းရမယ်၊ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရက ဦးဆောင်နေတယ်။ ကျွန်တော်တို့ သမ္မတ၊ အရပ်သားသမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဆိုတဲ့ ဌာနတွေဟာ ကျွန်တော်တို့ အစိုးရအောက်မှာ ရှိပါတယ်။ အဲဒီတော့ကာ ကျွန်တော်တို့ ဒါကို ကျွန်တော်တို့ အစိုးရရဲ့ ဦးဆောင်မှုနဲ့ လက်ဦးမှုရယူပြီး ဖြေရှင်းဖို့လိုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာရှိနေတဲ့ ပြည်သူ တွေဟာ အင်မတန်မှ ကြေကွဲစရာ၊ သနားစရာ၊ အင်မတန်ဆိုးတဲ့ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရခိုင်ပြည်နယ်သားအများအပြားက ကျွန်တော်တို့ ရန်ကုန်မှာ ရှိနေပါတယ်။ ရခိုင်ပြည်နယ်က ပညာတတ် တွေ၊ ရခိုင်ပြည်နယ်က ရခိုင်တိုင်းရင်းသား ပစ္စည်းနေဥစ္စာ ကြွယ်ဝတဲ့လူတွေ ရန်ကုန်မှာ ရှိနေပါတယ်။ ကျွန်တော်လည်း အဲဒီရန်ကုန်မှာနေတဲ့အတွက်ပဲ သိတာပါ။ အဲဒီတော့ အတော်များများက ရန်ကုန်မှာ အခြေချနေကြတယ်။ နိုင်ငံရေးသမားတွေလည်း ရန်ကုန်မှာ အခြေချနေကြတယ်။

သို့သော် ဒီမောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်ဆိုတဲ့ မြို့နယ်(၃)ခုမှာ တကယ့်ကို ပြေးစရာလည်း မြေမရှိ ဆိုတဲ့ ဆင်းရဲသားတွေ နေ နေကြတယ်။ အဲဒီ ဆင်းရဲသားတွေဟာ နေ့စဉ်နဲ့အမျှ

အသတ်ခံနေရတယ်။ ကျွန်တော် ဥပမာတစ်ခု ပြောပါမယ်။ မီဒီယာမှာ လွန်ခဲ့တဲ့(၁)နှစ်ခွဲ၊ (၂)နှစ်လောက်က ကျီးကန်းပြင် ရဲဌာနချုပ်ကို တိုက်ခိုက်ပြီး တစ်လလောက်အကြာမှာ ကျွန်တော့်မိတ်ဆွေမီဒီယာသမားတွေ အဲဒီကို သွားတဲ့အခါမှာ သူတို့ ပြန်ပြောပြတယ်။ ဘာလဲဆိုတော့ ရွာတစ်ရွာမှာ လူ(၈၀) (၁၀၀)လောက်ရှိတဲ့ ရခိုင်ရွာ ၊ အဲဒီရွာရဲ့ဘေးမှာ ဘင်္ဂါလီရွာ လူ(၁၀၀၀)(၂၀၀၀) ရှိတဲ့ ဘင်္ဂါလီရွာကြီးတွေက ဝန်းရံနေတယ်။ အဲဒီတော့ အဲဒီဘင်္ဂါလီရွာတွေက ညဆိုလို့ရှိရင် ညာသံပေးပြီးတော့ တစ်ခါတည်း ရခိုင်ရွာကို သွားသတ်ကြမယ်ဟေ့၊ လာကြဟေ့ ဆိုပြီးတော့ ညာသံပေးပြီးတော့ အမြဲတမ်း အော်ကြတယ်။ အဲဒီလို အော်တော့ အဲဒီရွာကရွာသားတွေက ပြောပြတယ်။ ကျွန်တော်တို့ ညဆိုရင် အိပ်လို့မရပါဘူး။ အဲဒီ ဘင်္ဂါလီတွေ အော်သံကြားရင် ကလေးတွေက ငိုကြတယ်။ သက်ကြီးရွယ်အိုတွေကလည်း ငိုကြတယ်။ ကျွန်တော်တို့ရွာမှာ ညမှောင်မှာကိုတောင် ကြောက်နေကြတဲ့အခြေအနေ ရှိနေကြပါတယ်။ အဲဒီလို ပြောကြတယ်။ ပြောတော့ အဲဒီမှာ ကျွန်တော်တို့ ဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ အကြမ်းဖက်ဝါဒကို နှိမ်နင်းဖို့ ဆိုတာကတော့ သေချာတယ်။ အကြမ်းဖက်ဝါဒက လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒါကို ပြတ်ပြတ်သားသား နှိမ်နင်းရမှာ နှိမ်နင်းတဲ့နေရာမှာ ကျွန်တော်တို့ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ပြည်ထောင်စုအစိုးရရဲ့ ဦးဆောင်မှုနဲ့ လုပ်ဖို့လိုတယ်။

ဒီတချို့ အတားအဆီးဖြစ်နေတဲ့ ပြည်ထောင်စု ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကိုလည်း ပြင်ဆင်ဖို့ ကြိုးစားရမယ်။ ကြိုးစားရင်းနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ဒီရခိုင်ပြည်သူတွေကို ကျွန်တော်တို့ ပစ်မထားဘဲနဲ့ တတ်နိုင်သမျှ လုပ်ရမယ်။ ကျွန်တော်တို့ အစ္စရေးတို့၊ ဘာတို့မှာလုပ်သလို အဲဒီ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ စီးပွားရေးတိုးတက်အောင် စက်မှုဇုန်တွေ ထူထောင်ရမယ်။ ကျွန်တော်တို့ဆီက ရန်ကုန်မြို့ မန္တလေးမြို့မှာရှိတဲ့ ကျူးတွေကိုလည်း အဲဒီမှာ နေချင်တဲ့လူတွေရှိရင် ရွာတွေ ထောင်ပေးပြီး ပို့ရမယ်။ လယ်ယာမြေ၊ မွေးမြူရေး၊ လယ်ယာလုပ်ငန်းတွေကိုလည်း အစိုးရက ဖွံ့ဖြိုးအောင်လုပ်ရမယ်။ အဲဒီလိုနည်းနဲ့ ကျွန်တော်တို့ လုပ်ဖို့ လိုပါတယ်။

အဲဒါကြောင့်မို့လို့ နောက်ဆုံး ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီရခိုင်ပြည်သူတွေကို လက်နက်တပ်ဆင်ပြီး ပြည်သူ့စစ် ဖွဲ့စည်းပေးဖို့ လိုပါတယ်၊ သူတို့ကို သူတို့ ကာကွယ်နိုင်အောင် လုပ်ဖို့ လိုပါတယ်။ အဲဒီလိုနည်းနဲ့ အကြမ်းဖက်ဝါဒကို ဆန့်ကျင်ဖို့ လိုတယ်လို့ ကျွန်တော် ပြောလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၈။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါ။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ရခိုင်(၃)က ဦးခင်မောင်လတ် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ဒေသကို ရှေးခေတ်ကျောက်စာတွေမှာ အာရက္ခသည် စာလို့ မှတ်တမ်းပြုခဲ့ပါတယ်။ ဘီစီ(၆)ရာစုအတွင်း ဂေါတမဗုဒ္ဓဘုရားရှင် ပွင့်တော်မူပြီး နောက်ပိုင်းမှာ မင်းနှင့်တကွ ရခိုင်လူမျိုးတွေဟာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြပါတယ်။ ခရစ်သက္ကရာဇ် အရောက်တွင် တခြားကိုးကွယ်ရာ ဘာသာများ ပေါ်ပေါက်လာပြီး (၂၀)ရာစု ဒုတိယကမ္ဘာစစ် မတိုင်မီ အထိမှာ ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ မူဆလင်ဦးရေ သောင်းချီရှိလာပြီလို့ မှတ်တမ်းမှာ ဖတ်ရပါတယ်။

နိုင်ငံလွတ်လပ်ရေး ရပြီးချိန်မှာတော့ မူဆလင်ဦးရေ သိန်းဂဏန်းအထိ ရှိလာပြီး ယခုအခါ မှာဆိုရင် (၁၀)သိန်းကျော်အထိ ရှိလာပြီဖြစ်ကြောင်း သိရပါတယ်။ အဲဒီ မူဆလင် ဘင်္ဂါလီတွေရဲ့ (၉၀)ရာခိုင်နှုန်းဟာ ခိုးဝင်လာသူများ ဖြစ်ပါတယ်။ တစ်လင်တစ်မယားစနစ်ကို မကျင့်သုံးတာကြောင့် တစ်ကြောင်း၊ မွေးဖွားနှုန်း မြင့်လာတာကြောင့်တစ်ကြောင်း၊ အစိုးရ လူဝင်၊ လူထွက် ကွပ်ကဲမှု အားနည်းတာက တစ်ကြောင်းတို့ကြောင့် နှစ်ပေါင်း(၇၀)ခန့်အတွင်း ဤမျှအထိ ဘင်္ဂါလီဦးရေ များပြား လာရတာ ဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံသားဖြစ်မှု ဥပဒေနဲ့လည်း အကျုံးမဝင်တာကြောင့် သေမထူး နေမထူး လူမျိုးလိမ် နာမည်တုတစ်ခုကို ထွင်လို့ မောင်တော၊ ဘူးသီးတောင်ဒေသကို အပိုင်စီးလိုစိတ် ပေါ်ပေါက်လာခဲ့တာဟာ ဒီပြဿနာရဲ့ အဓိကအချက် ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတကာ အကူအညီရရှိမှုကြောင့် ပြဿနာဟာ ပိုမိုပြင်းထန် လာပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှာ မောင်တောနယ်က ကျောင်းဆရာကြီး ဦးချမ်းသာ ကို သူ စာသင်ပြခဲ့တဲ့ ဘင်္ဂါလီတပည့်တွေကိုယ်တိုင် သတ်ဖြတ်ခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ပေး နေတဲ့ ဒေါက်တာ ဦးခင်မြလတ် ကိုလည်း သူ အလုပ်ပေး ခိုင်းစေထားတဲ့ ဘင်္ဂါလီက ဓားဖြင့် ထိုးခဲ့ ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှာ မောင်တောမြို့နယ်၊ (ဒု)ချီးယားတန်းကျေးရွာမှာ တာဝန် ထမ်းဆောင်နေတဲ့ ရဲတပ်ကြပ် အောင်ကျော်သိန်း ကို ဘင်္ဂါလီအကြမ်းဖက်သမားတွေက သတ်ဖြတ်ခဲ့ ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ မောင်တောမြို့နယ်၊ ကျီးကန်းပြင် နယ်စပ် ရဲဌာနချုပ်စခန်း၊ ငါးခူရနယ်မြေစခန်းနဲ့ ရသေ့တောင်မြို့နယ်၊ ကိုးတန်ကောက်နယ်မြေစခန်းတို့ကို ဘင်္ဂါလီ အကြမ်းဖက်သမားတွေ တိုက်ခိုက်မှုကြောင့် နယ်ခြားရဲ(၉)ဦး ကျဆုံးခဲ့ရပါတယ်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာတော့ ဘူးသီးတောင်၊ မောင်တောဒေသ မေယုတောင်ကြောမှာ အကြမ်းဖက်သမားတွေ ခိုအောင်းနေတဲ့ လိုဏ်ဂူတစ်ခုကို ရှာတွေ့ခဲ့ပါတယ်။ ၎င်းအတွင်းမှာ လက်လုပ်သေနတ်တွေ၊ စားနပ်ရိက္ခာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ သိမ်းဆည်း ရမိပါတယ်။ အခု ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာတော့ မောင်တောမြို့နယ်တောင်ပိုင်း ကိုင်းကြီး (မြို)ကျေးရွာမှာ မြိုတိုင်းရင်းသား(၈)ဦး အသတ်ခံရပြန်ပါပြီ။ တရားခံ မမိသေးပါဘူး။ ရခိုင်ပြည်နယ် အစိုးရကတော့ ဒီ အကြမ်းဖက်သမားတွေဟာ Rohingya ခေါ်တဲ့ AMM နဲ့ ARSA - Arakan

Rohingya Salvation Army ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အကြမ်းဖက်သမားတွေကို အသေအချာ စိစစ်ဖော်ထုတ်ပြီး အကြမ်းဖက် ဥပဒေအရ အရေးယူဖို့ ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဥက္ကဋ္ဌကြီး ဒါကတော့ နေရပ်စွန့်ခွာပြီး ထွက်ပြေးနေရတဲ့ ရွာသားတွေ ဖြစ်ပါတယ်။ ဒါကတော့ နယ်စပ်မှာ ခြံစည်းရိုးကာထားတာကို အပေါက် ဖောက်ပြီး ခိုးဝင်နေတဲ့အပေါက် ဖြစ်ပါတယ်။ ဒါကတော့ ဘင်္ဂါလီစခန်းတွေမှာ သူတို့ဟာ I am Rohingya ဆိုပြီးတော့ ရေးထားပြီးတော့ အပေါ်မှာ ဦးထုပ်ပေါ်မှာတော့ No ဘင်္ဂါလီ၊ ဘင်္ဂါလီ လို့ ခံလိုက်ရင် သူတို့ ဘင်္ဂါလီနယ်က လာတဲ့လူတွေ ဖြစ်မှာစိုးလို့ အဲဒီလို အတုအယောင်နဲ့ UN တို့ လာတဲ့အခါမှာ ဆန္ဒပြ တောင်းဆိုတာ ဖြစ်ပါတယ်။ ဒါကတော့ ရခိုင်ပြည်ကို တစ်ဝက်ပေးပါဆိုတဲ့ သူတို့ရဲ့တောင်းဆိုချက်တွေ၊ ဆန္ဒတွေပါ။ ဒါကတော့ အဲဒီအကြမ်းဖက်သမားတစ်အုပ်စု လှုပ်ရှားနေတာပါ။ ဒါကတော့ စေတီပြင်က အောက်နန်းရာ ကျေးရွာမှာ တရားခံသွားဖမ်းတဲ့ လုံခြုံရေးရဲတပ်ဖွဲ့တွေကို ရွာသားတွေက (၂၀၀) (၃၀၀) ဝိုင်းပြီးတော့ ရန်ရှာတော့ ထွက်ပြေးလာရတယ်၊ ထွက်ပြေးလာတော့ ကွင်းပြင်အထိ လိုက်လာတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ စခန်းတစ်ခုမှာ လုံခြုံရေးအရာရှိကို ဘင်္ဂါလီတွေက ဒေါနဲ့ မာန်နဲ့ ပြောနေတာ ဖြစ်ပါတယ်။ ဒါကတော့ လောလောဆယ်ဖြစ်တဲ့ မြို့ရွာက မြို့တိုင်းရင်းသား(၈)ဦး သေဆုံးတဲ့အထဲမှ (၁)ဦး ဖြစ်ပါတယ်။ ပိတ်နိုင်ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတည်ငြိမ်နဲ့ ခေတ်အဆက်ဆက်မှာ မူဆလင်အကြမ်းဖက်အဖွဲ့တွေဟာ ရခိုင်ကျေးရွာတွေကို မီးရှို့၊ ရခိုင်ကျေးလက် ပြည်သူတွေကို သတ်ဖြတ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းမှာတော့ မောင်တောမြို့နယ်မှာရှိတဲ့ ရခိုင်ရွာ (၂၀၀)ကျော်ဟာ မီးရှို့ဖျက်ဆီးခံရတာကြောင့် ရွာခံရခိုင်တွေ တိမ်းရှောင်လာခဲ့ရာမှ ယခုအခါမှာ ရခိုင်တွေ နေထိုင်တဲ့ရွာဆိုလို့ မောင်တောနယ်မှာ (၁၀)ဂဏန်းလောက်ပဲ ကျန်ပါတော့တယ်။ ဘင်္ဂါလီတွေ နေထိုင်တဲ့ရွာအများစုရဲ့ နာမည်တွေဟာ ရခိုင် အခေါ်အဝေါ် အမည်နာမတွေ ဖြစ်နေတာက မူလက ရခိုင်ရွာတွေ ဖြစ်တယ်ဆိုတာကို အထင်အရှား သက်သေပြနေပါတယ်။ ဒါကြောင့် ဒီလောက် အသက်အန္တရာယ်ဆုံးရှုံးရတဲ့ကိစ္စ၊ နိုင်ငံအချုပ်အခြာ အာဏာ ထိခိုက်ရတဲ့ကိစ္စကို မှတ်တမ်းတင်ရုံလောက်နဲ့ သိမ်းမထားဖို့ အကြံပြုရင်းနဲ့ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နေရပ်စွန့်ခွာပြီး ထွက်ပြေးနေရသော ရွာသားများ၏ မြင်ကွင်းပုံ (သသ)



ရခိုင်ပြည်နယ်ကို တစ်ဝက်ပေးရန် တောင်းဆိုနေသည့် မြင်ကွင်းပုံ (သသ-၁)



အကြမ်းဖက်သမား တစ်အုပ်စု ကွင်းပြင်အထိ လိုက်လာသော မြင်ကွင်းပုံ (သသ-၂)



**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၄။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် တင်သွင်းသော အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေသော အကြမ်းဖက်လှုပ်ရှားမှုများသည် လတ်တလော ဖြစ်ပေါ်နေတဲ့ ပြဿနာမဟုတ်ပါဘူး။ အင်္ဂလိပ်တို့သည် ၁၈၂၆ ခုနှစ်မှာ ရခိုင်ပြည်နယ်နဲ့ ဘင်္ဂလား ပြည်နယ်ကို ပူးပေါင်းပြီးတော့ အုပ်ချုပ်ခဲ့ပါတယ်။ ၁၈၈၀ ခုနှစ်မှ စပြီးတော့ အင်္ဂလိပ်အစိုးရဟာ ၎င်းတို့အကျိုးစီးပွားအတွက် စစ်တကောင်း-ဘင်္ဂါလီနယ်က ဘင်္ဂါလီတွေကို လယ်ယာလုပ်ငန်းများ လုပ်ကိုင်ဖို့အတွက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စေခဲ့ပါတယ်။ အစိုးရအဆက်ဆက်က ဘင်္ဂါလီ လူမျိုးဟုသာ သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်နဲ့ မောင်တောခရိုင်အတွင်းမှာ ဘင်္ဂါလီများ ခိုးဝင် လာမှုအခြေအနေက ရခိုင်ပြည်နယ်တစ်ခုလုံးက ၁၉၂၂ ခုနှစ်မှာ (၅၁၀၀၀၀)ခန့်၊ ၂၀၁၆ ခုနှစ်မှာ (၁၀၅၀၀၀၀)ခန့်၊ ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ (၃၂.၉)ရာခိုင်နှုန်း ဖြစ်ပါတယ်။ မောင်တောခရိုင်အတွင်း မှာ ၁၉၂၂ ခုနှစ်မှာ (၁၉၀၀၀၀)ခန့်၊ ၂၀၁၆ ခုနှစ်မှာ (၇၅၀၀၀၀)ခန့်နဲ့ မောင်တောခရိုင်တစ်ခုလုံးရဲ့ လူဦးရေရဲ့ (၉၀.၅၀)ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရပါတယ်။

ဘင်္ဂါလီများ တရားမဝင် ဝင်ရောက်မှု မရှိစေရေးအတွက် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်မှစပြီး ယနေ့အထိ စစ်ဆင်ရေးများ၊ စီမံချက်များဖြင့် တားဆီးဆောင်ရွက်ခဲ့ကြပါတယ်။ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီများသည် ရိုဟင်ဂျာအမည်များဖြင့် တိုင်းရင်းသား ဖြစ်ရေးကို တောင်းဆိုလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ (၇၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ လူမျိုးရေးနဲ့ပတ်သက်ပြီး တို့နိုင်ငံမှာ ရိုဟင်ဂျာ လူမျိုး မရှိဘူးဆိုတာ ကမ္ဘာကို အသိပေးပြီး ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံမှာ နေထိုင်သူများဖြစ်ကြောင်း သက်သေခံနိုင်ဖို့အတွက် NV ကတ်ကို ၁-၅-၂၀၁၇ ရက်နေ့ကတည်းက ထုတ်ပေးခဲ့သော်လည်းပဲ ဥပဒေနှင့်အညီ လျှောက်ထား ခဲ့သူတွေကို ဆန့်ကျင်တဲ့သူတွေက ခြိမ်းခြောက်ဟန့်တားမှုတွေကြောင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ရေးလုပ်ငန်းဟာ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ ထို့ကြောင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းအား နိုင်ငံတော်အစိုးရအနေနဲ့ အလျင်အမြန် အကောင် အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်မှာ ဗြိတိသျှတပ်များ ဆုတ်ခွာသွားရာ စစ်ကျန်လက်နက်များနဲ့ ဘင်္ဂါလီအကြမ်းဖက်များသည် စည်းကမ်းမဲ့ ရမ်းကားခဲ့ကြပါတယ်။ မြေပုံမြို့နယ်၊ ရပ်ချောင်းကျေးရွာ သူကြီးသားအဖကို ဘင်္ဂါလီ အကြမ်းဖက်များက ဝင်ရောက်သတ်ဖြတ်ခဲ့တဲ့အတွက် ရခိုင်တိုင်းရင်းသားများကလည်း လက်စားချေတဲ့အနေနဲ့ ရပ်ချောင်း ဘင်္ဂါလီရွာကို မီးရှို့ခဲ့ရာကစပြီး ပဋိပက္ခ ဖြစ်ပွားခဲ့ပါတယ်။ ဒေသခံ ရခိုင်တိုင်းရင်းသားများ (၂၀၀၀၀)ခန့် အသက်ဆုံးရှုံးခဲ့ရပြီးတော့ လူနေအိမ်(၅၀၀)ခန့် မီးရှို့ဖျက်ဆီးခြင်းခံရပါတယ်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာ ဘင်္ဂါလီများသည် မူဆလင်နယ်မြေ သတ်မှတ်ပေးရန် တောင်းဆိုရာမှ မူဂျာဟစ် အကြမ်းဖက်သောင်းကျန်းသူ ပေါ်ပေါက်လာခဲ့ပါတယ်။

၎င်းတို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာခဲ့တဲ့အပြင် ရခိုင်တိုင်းရင်း သားများအား ရွာများ မီးရှို့ခြင်း၊ လူသတ်ခြင်းများ ဆောင်ရွက်လာတဲ့အတွက် တပ်မတော်အနေနဲ့ ၁၉၄၉ ခုနှစ်မှာ အမှတ်(၅) ဗမာ့သေနတ်ကိုင်တပ်ရင်းဖြင့်လည်းကောင်း၊ ၁၉၅၄ ခုနှစ်မှာ မုတ်သုံ စစ်ဆင်ရေးဖြင့်လည်းကောင်း တိုက်ထုတ်ခဲ့မှုကြောင့် ၁၉၅၇ ခုနှစ်မှာ မူဂျာဟစ် အကြမ်းဖက်သမား လက်ကျန်(၆၀၄)ဦးဟာ လက်နက်ချခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ၁၉၄၂ ခုနှစ်၊ လူမျိုးရေးပဋိပက္ခ ကြောင့် ဒေသခံ ရခိုင်တိုင်းရင်းသားများသည် နေရပ်မှ စွန့်ခွာထွက်ပြေးကြသဖြင့် ၎င်းတို့၏ကျေးရွာ (၃၆၄)ရွာမှာ (၂၁၆)ရွာ ဖျက်ဆီးခံရပြီးတော့ (၁၂၃)ရွာကိုပဲ ပြန်လည်ထူထောင်နိုင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှာ မူဂျာဟစ် အကြမ်းဖက် သောင်းကျန်းသူများက ရွာ(၆၁)ရွာကို ထပ်မံ မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ဘင်္ဂါလီများနေထိုင်သည့် ကျေးရွာပေါင်း(၁၈၂)ရွာရှိပြီးတော့ ရခိုင်တိုင်းရင်းသားတွေက နေထိုင်ခြင်း မရှိတဲ့ကျေးရွာ(၆၁)ရွာ၊ ရွာသစ်(၄၇)ရွာ ထပ်မံတည်ထောင်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်မှာ မောင်တောဒေသမှာ ရခိုင်တိုင်းရင်းသားကျေးရွာ (၂၄၀)ရွာ၊ ဘင်္ဂါလီ ကျေးရွာ (၄၄၇)ရွာဖြစ်ကြောင်း တွေ့ရပါတယ်။ အချို့ဘင်္ဂါလီရွာများသည် ယခင်က ရခိုင်တိုင်းရင်းသား များ နေထိုင်ခြင်းမရှိသည့် ရွာ(၂၁၆)ရွာမှာ ရခိုင်ရွာ အမည်များဖြင့် နေထိုင်ကြောင်း တွေ့ရပါတယ်။ မောင်တောခရိုင်အတွင်း ဘင်္ဂါလီများလုပ်ကိုင်နေသော လယ်(၁၂၅၀၀၀)ဧကာ၊ ငါး၊ ပုစွန်ကန်(၈၉၀၀)

ဧကခန့်တို့သည် ရခိုင်တိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်မြေများကို တစ်ဖက်နိုင်ငံက ခိုးဝင်လာသူ ဘင်္ဂါလီများက အကြမ်းဖက်နည်းဖြင့် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ အဆိုပါ လယ်ယာမြေများအား မြေယာဥပဒေအရ တရားဝင် လုပ်ပိုင်ခွင့်ရှိသူ မူရင်းပိုင်ရှင် ဟုတ်/မဟုတ်နှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် ရှိ/မရှိတို့အပေါ် စိစစ်အရေးယူပြီး မူရင်းပိုင်ရှင်များကို ဥပဒေနှင့်အညီ ပြန်လည်ပေးသင့်ကြောင်း တင်ပြလိုပါတယ်။

၂၀၁၂ ခုနှစ်မှာ ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပါတယ်။ အဆိုပါ ဖြစ်စဥ်များမှာ မြို့နယ်(၁၁) မြို့နယ်မှာ သေဆုံးသူ(၁၉၂)ဦး၊ နေအိမ်(၈၆၁၄)လုံး ပျက်စီးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နဲ့ ရဲကင်း(၂)ခုကို တိုက်ခိုက်ခဲ့တယ်။ ဒါဟာ အစိုးရရဲ့ ယန္တရားကို တိုက်ခိုက်ခြင်းပဲ ဖြစ်ပါတယ်။ အကြမ်းဖက်ဥပဒေမှာလည်း အကြမ်းဖက်မှု သတ်မှတ်တဲ့ ပြစ်မှုတွေ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မောင်တောဒေသမှာ ယခုတိုက်ခိုက်နေတဲ့အဖွဲ့သည် ဘင်္ဂါလီအကြမ်းဖက်သမားများ၊ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကြီးက ဘင်္ဂါလီအကြမ်းဖက်သမားအဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အစိုးရနဲ့ လွှတ်တော်မှာ အကြမ်းဖက်ဟု သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ လူ့အခွင့်အရေး ဗန်းပြပြီး ထောက်ပံ့ကူညီနေသည့် မီဒီယာများ၊ ဝါဒဖြန့် စည်းရုံးခြင်းများ ရပ်တန့်သွားမှာဖြစ်ပြီး အကြမ်းဖက်ဥပဒေအရ ကူညီနိုင်မှာ ဖြစ်ပါတယ်။ ထောက်ပံ့ကူညီမှုများဟာ အချို့ UN များနှင့် INGO များ ပါဝင်နေခြင်း၊ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်နေခြင်းတို့ကြောင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ပါက နိုင်ငံတကာမှ အကြမ်းဖက် တိုက်ဖျက်ရေးအဖြစ် ကူညီလာနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ နည်းမျိုးစုံဖြင့် ဘင်္ဂါလီနယ်မှ ဝင်ရောက်လာသူများကို ဘင်္ဂါလီဟု သတ်မှတ်ဆောင်ရွက်ပေးရန်နှင့် အကြမ်းဖက်သူများကိုလည်း ဘင်္ဂါလီအကြမ်းဖက်သူများ၊ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ပေးပါရန် တင်ပြအပ်ပါတယ်။ အခု အကြမ်းဖက်သမားများသည်လည်း မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးနေပြီဆိုတာ သတိပြုရမှာဖြစ်ကြောင်း ပြောကြားရင်းနဲ့ အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၀။**

**ဗိုလ်မှူးကြီးစိုးရွှေ တပ်မတော်သားကိုယ်စားလှယ်**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးကြီးစိုးရွှေ ဖြစ်ပါတယ်။ လက်ရှိ ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဦးခင်မောင်လတ် တင်သွင်းတဲ့ အဆိုအား ဘင်္ဂါလီ အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်

တိုက်ခိုက်မှုလုပ်ရပ်များကို တင်ပြသုံးသပ်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ လတ်တလောဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်မှုများဟာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ည နယ်ခြားစောင့် ရဲတပ်ဖွဲ့ဌာနချုပ်နဲ့ ရဲကင်း(၂)ခုအား အကြမ်းဖက်တိုက်ခိုက်မှုမှ အစပြု၍ အရှိန်အဟုန်မြင့်လာတဲ့ အကြမ်းဖက်မှုလုပ်ရပ်ဖြစ်ပါတယ်။ ဒီတိုက်ခိုက်မှုဟာ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားဖြစ်တဲ့ ရဲတပ်ဖွဲ့ကို တိုက်ခိုက်တာဖြစ်လို့ အကြမ်းဖက်မှုလုပ်ရပ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ရဲ့ ဆုံးရှုံးမှုစာရင်းကိုတော့ Power Point မှာ တင်ပြထားပါတယ်။ ၎င်းဖြစ်စဉ်များမှ စတင်ပြီး ဆုံးရှုံးလက်နက်များ ပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ရပါတယ်။ တပ်မတော်စစ်ကြောင်းများနဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း နယ်မြေရှင်းလင်းစဉ် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများနဲ့ ထိတွေ့မှု (၁၁)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဖြစ်စဉ်စာရင်းကိုတော့ Power Point မှာ တင်ပြထားပါတယ်။

အကြမ်းဖက်သမားများကို ဖော်ထုတ်စစ်ဆေးခြင်းများ၊ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ရာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဥပဒေနှင့်အညီ စစ်ဆေးခဲ့ကြပါတယ်။ နယ်မြေရှင်းလင်းစဉ် ဖမ်းဆီးသိမ်းဆည်းရရှိမှု (၉)ကြိမ်ရှိခဲ့ပါတယ်။ ဖမ်းဆီးသိမ်းဆည်းရရှိမှုစာရင်းကိုတော့ Power Point မှာ တင်ပြထားပါတယ်။ ၎င်းသိမ်းဆည်းရရှိမှု စာရင်းတွေထဲမှာ မေယုတောင်ကြောတွင် လိုဏ်ခေါင်းတွေ့ရှိခြင်း၊ ဆက်သွယ်ရေးစက်များနဲ့ မိုင်းများ သိမ်းဆည်းရမိခြင်း၊ NGO, INGO အဖွဲ့များမှ ထောက်ပံ့ရေးပစ္စည်းများ ပါဝင်နေခြင်း၊ မိုင်းပြုလုပ်စဉ် ပေါက်ကွဲခြင်းတို့ကြောင့် ဘင်္ဂါလီအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား တိုးမြှင့်လုပ်ဆောင်လာကြောင်း ထင်ရှားနေပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား မထောက်ခံသူ၊ သတင်းပေးသူ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဘင်္ဂါလီရွာသားများအား ဖမ်းဆီးသတ်ဖြတ်ခြင်းကို (၇၁)ကြိမ်အထိ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြောင်း တွေ့ရပါတယ်။ သတ်ဖြတ်မှုစာရင်းများကိုတော့ Power Point မှာ တင်ပြထားပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမားများအနေဖြင့် ရခိုင်တိုင်းရင်းသားများကို အကြမ်းဖက်သတ်ဖြတ်မှု (၃)ကြိမ်အထိ တိုးမြှင့်လုပ်ဆောင်လာကြောင်း တွေ့ရပါတယ်။ သတ်ဖြတ်မှုစာရင်းကိုတော့ Power Point မှာ တင်ပြထားပါတယ်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်မှာတော့ ရသေ့တောင်မြို့နယ်၊ အောက်နန်းရာ၊ ဘင်္ဂါလီရွာ၌ တရားခံဖမ်းရန်လာတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်(၂၅)ဦးကို ဘင်္ဂါလီလူစုလူဝေး(၃၀၀)ခန့်က ဝိုင်းဝန်းတိုက်ခိုက်ခဲ့တဲ့အထိ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြပါတယ်။ လတ်တလောဖြစ်စဉ်များကြောင့် ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ ချွတ်ပြင်၊ ပိတောက်မြိုင်၊ ပြင်ရှည်နဲ့ ပေါက်ပင်ရင်းကျေးရွာများမှ ဒေသခံတိုင်းရင်းသားအိမ်ထောင်စု (၁၃၄)စု၊ လူဦးရေ(၆၂၂)ဦးတို့ဟာ ဩဂုတ်လ ၅ ရက်နေ့မှာ စေတီပြင်ကျေးရွာနဲ့ ဂွဆုံကျေးရွာတွေကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ ထိုသို့ပြောင်းရွှေ့ နေထိုင်မှုသတင်းအရ ဩဂုတ်လ ၇ ရက်နေ့မှာ တပ်မတော်မှ တာဝန်ရှိသူများ စေတီပြင်ကျေးရွာသို့ ချက်ချင်းသွားရောက်ခဲ့ပြီး လုံခြုံရေးအစောင့်အရှောက်ဖြင့် ၎င်းတို့ရဲ့နေရပ်တွေကို ပြန်လည် နေရာချထားပေးခဲ့ပြီးဖြစ်ပါတယ်။ မောင်တော၊ ဘူးသီးတောင်ဒေသအတွင်း ဘင်္ဂါလီတို့ရဲ့ အကြမ်းဖက်မှုလုပ်ရပ်များအား

သမိုင်းကြောင်းဖြစ်စဉ်နဲ့ ပြန်ကြည့်မယ်ဆိုရင် အဲဒီဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေကို မနေနိုင်အောင် ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းရင်းသားတို့ရဲ့နယ်မြေတွေကို သိမ်းပိုက်ပြီး ဘင်္ဂါလီမူဆလင်နယ်မြေတစ်ခု တစ်ဆက်တည်းရရှိရေးပဲ ဖြစ်ပါတယ်။


သမိုင်းကြောင်းအရ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေမှာ ဘင်္ဂါလီရိုဟင်ဂျာ မပါရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နောက်ခံသမိုင်းကြောင်းနဲ့ယှဉ်ပြီး ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ မောင်တော၊ ဘူးသီးတောင်ဒေသမှာ ၁၈၇၃ ခုနှစ်တွင် ဘင်္ဂါလီ(၆၅၄၀၇)ယောက် ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ (၇၅၅၃၇၁)ယောက်အထိ တိုးတက်များပြားလာခဲ့တဲ့အတွက် လက်ရှိမှာ မောင်တောခရိုင်လူဦးရေရဲ့ (၉၀.၅၀)ရာခိုင်နှုန်းအထိ ရှိနေတာကို တွေ့ရပါတယ်။ ဒီလိုတိုးလာရတဲ့အကြောင်းအရင်းကို လေ့လာရာမှာတော့ နည်းလမ်းပေါင်းစုံ အသုံးပြုပြီး ခိုး၍ ဝင်ရောက်လာခြင်းများနဲ့ မွေးဖွားနှုန်း မြင့်မားလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဘင်္ဂါလီများအနေနဲ့ လူနယ်နိမိတ် ချဲ့ထွင်ပြီး ရခိုင်တိုင်းရင်းသားတွေနဲ့ ရခိုင်လူမျိုးတွေ ပျောက်ကွယ်အောင် “မြေမြို၍ လူမျိုး မပျောက်၊ လူမြိုမှ လူမျိုး ပျောက်မည်” ဆိုသကဲ့သို့ ရည်ရွယ်ချက်ရှိရှိနဲ့ ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီး စနစ်တကျ စီမံဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားပါတယ်။ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့မှာ Aqua Mul Mujiahidin အဖွဲ့ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှာတော့ ၎င်းအမည်ကနေ Arakan Rohingya Salvation Army (ARSA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ၎င်းတို့ရဲ့ ဖွဲ့စည်းမှု၊ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်ကိုတော့ Power Point မှာ တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်လုပ်ရပ်များကို အစဉ်တစိုက် လုပ်ဆောင်နေတဲ့ ဘင်္ဂါလီအကြမ်းဖက်သမားများရဲ့ လုပ်ဆောင်မှုများကို အစွန်းရောက် အကြမ်းဖက်သမားများ၊ အကြမ်းဖက်လုပ်ရပ်များအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ၁-၇-၂၀၁၇ နဲ့ ၁၁-၈-၂၀၁၇ ရက်နေ့တို့မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ဖော်ပြထုတ်ပြန်ခဲ့ပါတယ်။ နည်းမျိုးစုံနဲ့ ဘင်္ဂါလားနယ်မှ ဝင်ရောက်လာသူများကို ဘင်္ဂါလီ ဟု သတ်မှတ်ပေးရန်၊ အကြမ်းဖက်သူများကိုလည်း ဘင်္ဂါလီအကြမ်းဖက်သူများ၊ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ပေးရန်နဲ့ ၎င်းတို့အား ကူညီပေးနေသူများကိုပါ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ပ) နဲ့ (ဖ)တို့အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုဟု သတ်မှတ်ရန်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အဆိုပါဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ သတ်မှတ်ကြေညာရန် လိုအပ်ပါတယ်။

ထို့သို့ကြေညာရန် နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်တို့ကလည်း တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အဲဒီလို သတ်မှတ်ပေးမှသာ ဘင်္ဂါလီအကြမ်းဖက်သမားများထံကို ထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းတွေရဲ့ ထောက်ပံ့မှုတွေ ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မီဒီယာမှ ထောက်ပံ့ကူညီပေးနေသူများ၊ မဟုတ်မမှန် လွှင့်ထုတ်နေမှုများလည်း ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ထောက်ပံ့မှုများ ရပ်တန့်သွားခြင်း မရှိပါက ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြ တိုင်ကြားဖို့ လိုပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးအတွက် အစီအမံဆောင်ရွက်ရာမှာ လူပုဂ္ဂိုလ်၊ ဒေသလုံခြုံတည်ငြိမ်ရေးသာ မဟုတ်ဘဲ ရခိုင်ပြည်နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်

လိုအပ် ပါတယ်။ ရခိုင်တိုင်းရင်းသားများ လက်မခံသည့် အချို့ UN အဖွဲ့အစည်းများ၊ NGO, INGO တို့၏ မညီမျှသော ဆောင်ရွက်နေမှုကိုလည်း တားဆီးပြီး ရခိုင်တိုင်းရင်းသားတို့ရဲ့ ရေရှည်လုံခြုံရေး၊ ရခိုင်ပြည်နယ် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ်၊ နိုင်ငံသား ဥပဒေအရ တိတိကျကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားရင်း တင်သွင်းသည့် အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ဘူးသီးတောင်-မောင်တောဒေသ နယ်မြေရှင်းလင်းစဉ် ထိတွေ့မှုဖြစ်စဉ် (၁၁)ကြိမ်ပြ မြင်ကွင်းပုံ (ဟဟ)




| စဉ် | အကြောင်းအရာ | အကြိမ်အရေအတွက် | တပ် | | | | | ရဲ | | | | | | | ဘင်္ဂါလီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျဆုံး | | ဒဏ်ရာရ | | လက်နက်အဆုံးအရှုံး | ကျဆုံး | | ဒဏ်ရာရ | | လက်နက် | | | သေဆုံး | ဖမ်းမိ | လက်နက် | မိုင်း |
| | | | ရှိ | ခြား | ရှိ | ခြား | | ရှိ | ခြား | ရှိ | ခြား | ဆုံးရှုံး | ဖော်ထုတ်ရရှိ | ကျန်ရှိ | | | | |
| ၁ | ဘင်္ဂါလီဖမ်းမိ | ၂၀၅ | | | | | | | | | | | | | ၄၅ | ၆၃၆ | ၂၉ | |
| ၂ | တိုက်ပွဲဖြစ်စဉ် | ၁၁ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၉ | ၂ | ၄ | ၆၈ | ၁၈ | ၃၉ | ၃၆ | ၁ | ၃ | |
| ၃ | ဘင်္ဂါလီရွာမီးရှို့မှု | ၁၆ | | | | | | | | | | | | | | | | |
| ၄ | လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း သိမ်းဆည်းရမိမှု | ၂၁ | | | | | | | | | | | ၁၁ | | | | ၄ | ၈ |
| ၅ | ကားမိုင်းဖြစ်စဉ် | ၃ | | | | | | | | | | | | | | | | |
| ၆ | ဘင်္ဂလားဒေ့ရှ်မှ ပြန်လည် လွှဲပြောင်းရရှိမှု | ၁ | | | | | | | | | | | | | | ၂ | | |
| | စုစုပေါင်း | ၂၅၇ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၉ | ၂ | ၄ | ၆၈ | ၂၉ | ၃၉ | ၈၁ | ၆၇၉ | ၃၆ | ၈ |

သိမ်းဆည်းရမိ စားသောက်ကုန်ပစ္စည်းများ၏ (INGO, NGO ထောက်ပံ့ပစ္စည်းများပါရှိ) မှတ်တမ်း ဓာတ်ပုံများ၏ မြင်ကွင်းပုံ (ဟဟ-၁)



Arkan Rohingya Salvation Army — ARSA အကြမ်းဖက်အဖွဲ့၏ မှတ်တမ်းဓာတ်ပုံများ၏ မြင်ကွင်းပုံ (ဟဟ-၂)




**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ဦးခင်မောင်လတ် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုမှာ အပိုင်း(၂)ပိုင်း ပါတာ တွေ့ရပါတယ်။ အကြမ်းဖက်အဖွဲ့ကို ဖော်ထုတ်ပြီး အရေးယူပေးရန်နဲ့ နေရပ်စွန့်ခွာ တိုင်းရင်းသားကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးဆိုတဲ့ အပိုင်း(၂)ပိုင်း ပါတာ တွေ့ရပါတယ်။ ကျွန်တော်ကတော့ ပထမအပိုင်းကို ဦးစွာပထမ ဆွေးနွေးပါမယ်။ အဆိုရှင်ကတော့ အကြမ်းဖက်အဖွဲ့ကို ဖော်ထုတ်ခိုင်းထားပါတယ်။ အကြမ်းဖက်အဖွဲ့ကို ဖော်ထုတ်မယ်ဆိုရင် ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့ဒေသရဲ့ အခြေအနေ၊ ရာဇဝင်သမိုင်းတွေကို လေ့လာပြီး အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်သူတွေက လုပ်ဆောင်နေတယ်၊ ဘာရည်ရွယ်ချက်နဲ့ ဘာလိုအပ်ချက်နဲ့ လုပ်ဆောင်နေတယ် ဆိုတာတွေကို လေ့လာရလိမ့်မယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဒေသရဲ့အခြေအနေကို အရင်ဆုံး လေ့လာကြည့်ပါမယ်။ ဒီဒေသဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အစွန်ဆုံး အနောက်ဘက်တံခါးပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်စပ်ချင်း

ထိစပ်နေတဲ့နေရာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုရင် လူဦးရေပေါက်ကွဲပြီး လူသန်း(၁၆၀)ကျော်ရှိတဲ့နိုင်ငံပါ။ (၁)မိနစ်မှာ လူဦးရေ(၅)ဦးနှုန်း တိုးနေတဲ့နိုင်ငံပါ။ ကျွန်တော်တို့နိုင်ငံနဲ့ (၁၆၈)မိုင်အထိ နယ်စပ်ချင်း ထိစပ်နေပါတယ်။ ပင်လယ်ပြင်ထိစပ်မှုက(၁၀၄)မိုင်အထိရှိပြီး ကျန်တာတွေက ကုန်းတွင်းပိုင်းပါ။ ခြံစည်းရိုး ကာရံထားမှု စနစ်တကျမရှိဘဲ (၄၂)မိုင် ခြံစည်းရိုးကာရန် ကျန်နေပါသေးတယ်။ အဲဒီတော့ အတားအဆီး နည်းပါတယ်။ မောင်တောမြို့အခြေအနေကို လေ့လာရင် မောင်တောမြို့လူဦးရေက (၅၆၀၀၀၀)ကျော်ရှိနေပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားက (၄၀၇၈၅)ဦးပဲရှိပါတယ်။ လူဦးရေ (၅၆၀၀၀၀)မှာလည်း ခန့်မှန်းခြေစာရင်းမှာ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်တုန်းကလည်း ငြင်းပယ်ခဲ့တဲ့လူတွေပါ။ မောင်တောမြို့နယ်တွင် ကျေးရွာပေါင်း(၂၈၀)ကျော် ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားကျေးရွာက (၇၈)ရွာပဲရှိပါတယ်။ ဒီကျေးရွာတွေဟာဆိုရင်လည်း အိမ်ခြေ(၅၀)နဲ့ (၁၀၀) အောက်ပဲရှိပြီး အိမ်ခြေ(၁၀၀၀)နဲ့ (၁၀၀၀)အထက်မှာရှိတဲ့ ကျေးရွာတွေကြားထဲမှာ အသက်ရှူမှား လောက်အောင်ရှိနေတဲ့ ကျေးရွာတွေပါ။ ဘင်္ဂါလီကျေးရွာတွေက ရွာလမ်းတွေကို ကွေ့ပတ်ပြီး ရွာဝင် လိုက်တာနဲ့ ထွက်ပေါက်ပျောက်နေတဲ့ ကျေးရွာတွေပါ။ အဲဒီကျေးရွာတွေကို အင်အားနည်းနည်းနဲ့ ဝင်မယ်လို့တော့ စိတ်မကူးပါနဲ့။ ထွက်မရဘူးဆိုတာ သေချာပါတယ်။

နောက်ထပ် စိတ်ဝင်စားစရာ အချက်တစ်ခုကို ကျွန်တော် ဆွေးနွေးပါမယ်။ မောင်တော မြို့နယ်တွင် ကျေးရွာပေါင်း(၂၈၀) ရှိပါတယ်။ အစိုးရစာသင်ကျောင်းက (၁၈၄)ကျောင်းပဲရှိပါတယ်။ အာရဗီစာသင်ကျောင်းက (၁၆၂၀)ကျောင်းအထိ ရှိနေပါတယ်။ အင်မတန် များပြားနေပါတယ်။ ဒီ အာရဗီစာသင်ကျောင်းတွေကို အသက်(၃)နှစ်ကနေ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အထိ ကျွန်တော်တို့ ရှိနေပါတယ်။ နိုင်ငံတော်မှ KG တောင်မှ ၂၀၁၄ ခုနှစ်မှ စတင်ပြီး သူတို့ဆီမှာ ကြာနေပါပြီ။ ဒီ အာရဗီစာသင်ကျောင်းတွေမှာ နိုင်ငံတော်အလံ မရှိပါ။ နိုင်ငံတော်သီချင်း ကို မဆိုပါ။ နိုင်ငံတော်အလံကို အလေးမပြုပါ။ ဒီ အာရဗီစာသင်ကျောင်းတွေမှာ ဘာတွေကိုသင်ကြား နေတယ်၊ ဘာတွေကို ပို့ချနေတယ် ဆိုတာကို အစိုးရအနေနဲ့ သိရှိရန်လိုအပ်နေပါပြီ။ သိရှိအောင် လည်း လုပ်ဆောင်ရပါမယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေတောင် တိုင်းရင်းသား ဘာသာစကား သင်ကြားရေးအတွက် အခုထိ အပြည့်အဝ မရရှိသေးပါ။ သူတို့ဆီမှာ၊ သူတို့ကျောင်း တွေမှာ သူတို့ဘာသာ၊ သူတို့စာကို သင်ကြားနေတာ ဥပဒေနဲ့ ညီရဲ့လား သိရှိရန်လိုအပ်ပါတယ်။

ကျွန်တော်တို့ဒေသတွေမှာ အကြမ်းဖက်မှုတွေဟာ ဒီနေရာ၊ ဒီခေါင်းဆောင်၊ ဒီဆရာတွေက စတင်ဖြစ်ပွားတယ် ဆိုတာကို အကြမ်းဖက်မှုတိုင်းကို ကြည့်လိုက်ခြင်းအားဖြင့် သိသာနိုင်ပါတယ်။ ဘူးသီးတောင်၊ မောင်တောကို ကျွန်တော်တို့ လေ့လာပါမယ်။ ဘူးသီးတောင်မှာ လူဦးရေ(၂)သိန်းကျော် ရှိပါတယ်။ တိုင်းရင်းသားက (၃၆၀၀၀)ကျော်ပဲရှိပါတယ်။ ကျေးရွာအုပ်စု(၆၅)အုပ်စုမှာ အာရဗီ စာသင်ကျောင်းက (၃၉၈)ကျောင်းရှိနေပါတယ်။ ရသေ့တောင်မြို့နယ်တွင် အာရဗီစာသင်ကျောင်းမှာ (၂၁)ကျောင်းအထိရှိပါတယ်။ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများကတော့ ဒီ (၃)မြို့နယ်ပဲမဟုတ်ဘဲ ရခိုင်ပြည်နယ် မြောက်ဘက်ပိုင်းမှာရှိတဲ့ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တောမြို့နယ်တို့မှာလည်း ရှိနေပါတယ်။

ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင်လည်း ဘင်္ဂါလီကျေးရွာ (၃၃)ရွာရှိပါတယ်။ အာရ်ဗီစာသင်ကျောင်း (၈၆)ကျောင်းအထိ ရှိနေပါတယ်။ KG ကနေစပြီး တက္ကသိုလ်အဆင့်အထိ ရှိပါတယ်။ ဒါတွေဟာ တရားဝင်မှု ရှိ/မရှိ၊ ဥပဒေနဲ့ ညီ/မညီ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်တွင် ဒီလောက်များပြားလာတဲ့ ဒီ အာရ်ဗီစာသင်ကျောင်းတွေကို ဘယ်လိုဆောက်ခဲ့တယ်။ ဘယ်သူတွေ ထောက်ပံ့နေတယ်။ ဘယ်ကနေရပြီး ရပ်တည်နေတယ်ဆိုတာတွေကို အစိုးရအနေနဲ့ အထူးကြပ်မတ်လေ့လာပြီး အရေးတယူ ဆောင်ရွက်သင့်တဲ့အရာတစ်ခုအနေနဲ့ ထောက်ပြ ဆွေးနွေးလိုက်ရပါတယ်။

နိဂုံးချုပ်အနေဖြင့် အဆိုရှင် တိုက်တွန်းသလို အကြမ်းဖက်အဖွဲ့ကို ဖော်ထုတ်မယ်ဆိုတာတော့ လွယ်လွယ်နဲ့ ရနိုင်မယ်လို့ မတွေးပါနဲ့။ ကျွန်တော်တို့ ရခိုင်ပြည်နယ်တွင် လူဦးရေ(၃)သန်းကျော်တွင် ဘင်္ဂါလီဦးရေ(၁)သန်းကျော်အထိ ရှိနေပါတယ်။ အကြမ်းဖက်မှုများကတော့ ၁၉၄၂၊ ၁၉၈၈၊ ၁၉၉၄၊ ၂၀၁၂၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်များတွေမှာ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ပြီး ကျွန်တော်တို့တိုင်းရင်းသားတွေလည်း အနောက်တံခါးကို စောင့်ရင်းနဲ့ အသက်ပေးခဲ့ရတဲ့လူတွေ သောင်းနဲ့ချီပြီး ရှိပြီဆိုတာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေ လုပ်နေကြခြင်းဟာ နိုင်ငံသားဖြစ်လိုခြင်း၊ လူ့အခွင့်အရေး ရလိုခြင်း၊ နိုင်ငံအတွင်းမှာ လွတ်လပ်စွာ သွားလာလိုခြင်းတို့မဟုတ်ဘဲ နယ်မြေကို အပိုင်စီး ရယူလိုခြင်းကြောင့် အဆိုရှင်တင်သွင်းခဲ့တဲ့ (၃)မြို့နယ်ကို ခြေကုပ်ရယူပြီး ကျန်မြို့နယ်များကိုလည်း သိမ်းပိုက်ရယူရန်အတွက် နိုင်ငံတော်အစိုးရ၏ ချမှတ်လုပ်ဆောင်ခြင်းများကို ဖျက်ဆီးပြီး နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်နေသူများကို သတ်နေကြခြင်း၊ အကြမ်းဖက်နေကြခြင်း ဖြစ်သည်ဟု သုံးသပ်ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ဒေသ ဒီနယ်မြေကို လုံခြုံရေးအင်အား တိုးမြှင့်ပေးပြီး လုံခြုံရေးစောင့်ပေးနေရုံနဲ့တော့ အကြမ်းဖက်မှု လျော့သွားမယ်။ အေးချမ်းသွားမယ်။ ငြိမ်းချမ်းသွားမယ်လို့တော့ လွယ်လွယ်မတွေးစေလိုပါ။ ဒေသတစ်ခုလုံးမှာရှိတဲ့ ဘင်္ဂါလီကျေးရွာများကို တရားဥပဒေစိုးမိုးမှုရအောင် အချိန်ယူလုပ်ဆောင်ပြီး အုပ်ချုပ်မှုတစ်ခုအောက်သို့ ရောက်ရှိမှသာ အကြမ်းဖက် လျှော့ချပြီး ငြိမ်းချမ်းတဲ့ ဒေသတစ်ခု၊ တိုင်းရင်းသားကျေးရွာများ ဆက်လက်ရပ်တည်နိုင်မယ်လို့ အကြံပြုဆွေးနွေးရင်း ဦးခင်မောင်လတ် ရဲ့ အစိုးရအပေါ် တိုက်တွန်းတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ (၄၅)ရက်မြောက်နေ့ ၁၈-၈-၂၀၁၇ (သောကြာနေ့) အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေး ပြီးဆုံးပြီးနောက် အမျိုးသားလွှတ်တော် (J) ဆောင် ထမင်းစားခန်းမမှာ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို စိတ်ပါဝင်စားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ပါကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၁၄း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]